Legal Action Worldwide

Zaálim oré raham gorile muzulom oré zulm gore

*“အကြမ်းဖက်မှု ကျူးလွန်သူများသည် ၎င်းတို့၏ ကျူးလွန်မှုများအတွက် အရေးယူမခံရပါက အကြမ်းဖက်မှုများကို ဆက်လက် ကျူးလွန်ကြဦးမည်ဖြစ်သည်။”*

# ရိုဟင်ဂျာလူမျိုးများနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး ယန္တရားများဆိုင်ရာ သတင်းအချက်အလက်လမ်းညွှန်စာအုပ်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ

Funded by the European Union

# မာတိကာ


၃ အတိုကောက်စကားရပ်များ ဇယား

၄ Legal Action Worldwide အဖွဲ့အကြောင်း

၅ ဤလမ်းညွှန်ကို ဘာကြောင့် ပြုစုရပါသလဲ။

၆ ရိုဟင်ဂျာအကျပ်အတည်းဆိုသည်မှာ ဘာပါလဲ။

- ၆ ရိုဟင်ဂျာဆိုသည်မှာ ဘယ်သူတွေပါလဲ။
- ၆ ရိုဟင်ဂျာလူမျိုးများက ဘာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်အဖြစ် ခိုလှုံကြပါသလဲ။
- ၆ ရိုဟင်ဂျာလူမျိုးအားလုံးကို မြန်မာစစ်တပ်က ပစ်မှတ်ထားခဲ့ပါသလား။
- ၆ မြန်မာနိုင်ငံတွင်ရှိသည့် ရိုဟင်ဂျာလူမျိုးများ၏ လက်ရှိအခြေအနေက ဘာပါလဲ။
- ၇ အဓိကအချက်အလက်များ

၇ ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး ဆိုသည်မှာ ဘာပါလဲ။

- ၇ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ
- ၈ လိင်းပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြု အကြမ်းဖက်မှု
- ၈ ကျယ်ပြန့်သော မီးရှို့ တိုက်ခိုက်မှုများ
- ၈ မတရား အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများနှင့် အစဖျောက်ခံရခြင်းများ
- ၉ မီးမောင်းထိုးပြလိုသည့်အချက် - မြန်မာနိုင်ငံတွင် အမျိုးသားများ၊ ကွဲပြားသည့် လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ခွဲခြားသတ်မှတ်မှုရှိသူများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- ၉ အဓိကအချက်အလက်များ

၁၀ ရိုဟင်ဂျာလူမျိုးများအပေါ်ဆန့်ကျင်၍ မည်သည့်အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသလဲ။

- ၁၀ လူမျိုးတုံးသတ်ဖြတ်မှုဆိုသည်မှာ ဘာပါလဲ။
- ၁၀ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဆိုသည်မှာ ဘာပါလဲ။
- ၁၀ စစ်ရာဇဝတ်မှုများဆိုသည်မှာ ဘာပါလဲ။
- ၁၁ မီးမောင်းထိုးပြလိုသည့်အချက် - မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများက လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ကြောင်း ညွှန်းဆိုပါသည်
- ၁၁ အဓိကအချက်အလက်များ

၁၂ ရိုဟင်ဂျာလူမျိုးများ ရရှိနိုင်သည့် အပြည်ပြည်ဆိုင်ရာတရားစီရင်မှုရရှိရန် နည်းလမ်းများက ဘာတွေပါလဲ။

- ၁၃ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး
  - ၁၃ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ဆိုသည်မှာ ဘာပါလဲ။
  - ၁၃ တရားစွဲဆိုခြင်းဆိုသည်မှာ ဘာပါလဲ။
  - ၁၃ ICC တရားရုံးရှိ အစိုးရရှေ့နေရုံး (OTP) ဆိုသည်မှာ ဘာပါလဲ။
  - ၁၄ ICC တရားရုံးက ဘယ်လို အလုပ်လုပ်ပါသလဲ။
  - ၁၅ ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံး၏ ပါဝင်ပတ်သက်မှုက ဘာပါလဲ။
  - ၁၅ ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံးသည် ၎င်း၏ စုံစမ်းစစ်ဆေးမှုနယ်ပယ်ကို ချဲ့ထွင်နိုင်ပါသလား။
  - ၁၅ ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံး၏ ယနေ့အထိ လုပ်ငန်းဆောင်ခဲ့မှုက ဘာပါလဲ။
  - ၁၆ နောက်ပိုင်း ဘာဆက်ဖြစ်ပါဦးမလဲ။
  - ၁၆ ICC တရားရုံး၏ ကြားနာမှုများတွင် ထိခိုက်ခံစားခဲ့ရသူများအနေဖြင့် ဘယ်လို ပူးပေါင်းပါဝင်နိုင်ပါမလဲ။
- ၁၇ အပြည်ပြည်ဆိုင်ရာတရားရုံး
  - ၁၇ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ဆိုသည်မှာ ဘာပါလဲ။
  - ၁၇ ရိုဟင်ဂျာအရေးကိစ္စတွင် ICJ တရားရုံးက ဘယ်လို ပါဝင်ပတ်သက်နေပါသလဲ။
  - ၁၇ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ဘာကြောင့် တရားစွဲဆိုခဲ့ပါသလဲ။
  - ၁၈ ရိုဟင်ဂျာအရေးကိစ္စတွင် ICJ တရားရုံး၏ ယနေ့အထိ ဆောင်ရွက်မှုများက ဘာတွေပါလဲ။
  - ၁၈ နောက်ပိုင်း ဘာဆက်ဖြစ်ပါဦးမလဲ။
  - ၁၉ မီးမောင်းထိုးပြလိုသည့်အချက် - ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနား နှင့် ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ
  - ၁၉ ICJ တရားရုံးက မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်ချခဲ့ပါက ဖြစ်လာနိုင်သည့် ရလဒ်များက ဘာတွေပါလဲ။

၂၀ ပြည်တွင်းအရေးကိစ္စများကို စီရင်ဆုံးဖြတ်သည့် ပြည်ပတရားရုံးများက ရိုဟင်ဂျာများ၏ အခြေအနေကို စစ်ဆေးဆုံးဖြတ်နိုင်ပါသလား။

၂၀ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်

၂၀ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် (UJ) ဆိုသည်မှာ ဘာပါလဲ။

၂၀ ပြင်းထန်သောအပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်သူများအား အရေးယူရန် နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရန် တရားဥပဒေဆိုင်ရာ တာဝန်ဝတ္တရားရှိပါသလား။

၂၀ အပြည်ပြည်ဆိုင်ရာတရားစီရင်မှုတစ်ခု စတင်ရန်အတွက် စွပ်စွဲခံရသူသည် နိုင်ငံအတွင်း ရှိနေရန် လိုအပ်ပါသလား။

၂၁ ရိုဟင်ဂျာလူမျိုးများအပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများအား တရားစီရင်ရန် မည်သည့်နိုင်ငံများက အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးကြသလဲ။

၂၁ ရိုဟင်ဂျာလူမျိုးများအပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများအား တရားစီရင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို စတင်နိုင်မည့် နိုင်ငံများ အာဆီယံ (ASEAN) ဒေသအတွင်း ရှိပါသလား။

၂၁ နယ်စပ်ဖြတ်ကျော် တရားစီရင်ပိုင်ခွင့်

၂၁ နယ်စပ်ဖြတ်ကျော် တရားစီရင်ပိုင်ခွင့် (EJ) ဆိုသည်မှာ ဘာပါလဲ။

၂၂ မီးမောင်းထိုးပြလိုသည့်အချက် - လူမျိုးတုံးသတ်ဖြတ်မှုကို ရင်ဆိုင်ခဲ့ရသည့် အခြားလူ့အသိုက်အဝန်းများသည် တရားမျှတမှုကို ဘယ်လို ရှာဖွေခဲ့ကြပါသလဲ။

၂၄ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားဆိုသည်မှာ ဘာပါလဲ။ (IIMM)

၂၄ IIMM ၏ ရည်မှန်းချက်က ဘာပါလဲ။

၂၄ IIMM သည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများနှင့် ဘယ်လိုကွာခြားပါသလဲ။

၂၄ IIMM သည် ဘယ်လို သတင်းအချက်အလက်များကို စုဆောင်းနေပါသလဲ။

၂၆ အနှစ်ချုပ်ဇယား - အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများ

၂၈ ရိုဟင်ဂျာလူမျိုးများနှင့် အပြည်ပြည်ဆိုင်ရာတရားစီရင်မှုရရှိရန် ၎င်းတို့၏တောင်းဆိုမှုကို သင်ဘယ်လို ကူညီပေးနိုင်ပါသလဲ။

၂၉ အဓိကသတင်းစကားများ

၃၀ အကိုးအကားများ


## အတိုကောက်စကားရပ်များ ဇယား

| | |
|---|---|
| SGBV | လိင်းပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြု အကြမ်းဖက်မှု |
| အိုင်စီစီ (ICC) | အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး |
| အိုင်စီဂျေ (ICJ) | အပြည်ပြည်ဆိုင်ရာတရားရုံး |
| IIMM | မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား |
| LAW (လီဂယ်အက်ရှင်ဝေါလ်ဝိုက်အဖွဲ့) | ကမ္ဘာအနှံ့ ဥပဒေရေးရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ (Legal Action Worldwide) |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| OTP | အစိုးရရှေ့နေရုံး |
| UJ | အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် |
| EJ | နယ်စပ်ဖြတ်ကျော် တရားစီရင်ပိုင်ခွင့် |
| UN | ကုလသမဂ္ဂ |
| BGP | နယ်ခြားစောင့်ရဲတပ်ဖွဲ့ (မြန်မာ) |
| MPF | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ECCC | ကမ္ဘောဒီးယား ခမာနီခုံရုံး |
| ICTY | ယခင်ယူဂိုစလားဗီးယားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး |
| ICTR | ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး |
| IRMCT | ဆောင်ရွက်ရန်ကျန်ရှိသော အမှုကိစ္စများကို စီရင်ရန် ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး |
| BROUK | မြန်မာ-ရိုဟင်ဂျာအသင်း (ယူကေ) |
| အာဆီယံ | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| OHCHR | ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး |
| FFM | မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် |
| OIC | အပြည်ပြည်ဆိုင်ရာ အစ္စလာမ်မစ် ပူပေါင်းဆောင်ရွက်ရေးအဖွဲ့ |

## Legal Action Worldwide အဖွဲ့အကြောင်း

လီဂယ်အက်ရှင်ဝေါလ်ဝိုက်အဖွဲ့ (Legal Action Worldwide (LAW)) အဖွဲ့သည် ဥပဒေပညာရှင်များ ဦးဆောင် စီမံခန့်ခွဲသည့် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ LAW အဖွဲ့သည် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်ခံရသည့် လူပုဂ္ဂိုလ်များနှင့် လူ့အသိုက်အဝန်းများနှင့်အတူ တရားမျှတမှုရရှိရန် လုပ်ကိုင်လျက်ရှိသည်။ LAW အဖွဲ့၏ ရိုဟင်ဂျာအကျပ်အတည်းအစီအစဉ် (Rohingya Crisis programme) သည် မြန်မာနိုင်ငံတွင် ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများတွင် ရိုဟင်ဂျာလူမျိုးများ အဓိပ္ပါယ်ရှိစွာ ပါဝင်ကြောင်း သေချာစေရန် ကြိုးပမ်းဆောင်ရွက်နေသည်။ LAW အဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"များမှ အသက်ရှင်လွတ်မြောက်ခဲ့သည့် ရိုဟင်ဂျာ ၅၀၀ ကျော်ကိုယ်စား ဆောင်ရွက်နေသည်။ ကျွန်ုပ်တို့အစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုမှာ အသက်ရှင်လွတ်မြောက်သူအတွက် ရှေ့နေများ (Survivor Advocates) ကွန်ယက်ဖြစ်ပြီး ၎င်းသည် ရိုဟင်ဂျာအသိုက်အဝန်း၊ အထူးသဖြင့် စခန်းများရှိ လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများမှ အသက်ရှင်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးပေးပါသည်။ ထို့အပြင် ရိုဟင်ဂျာလူမျိုးများအား ၎င်းတို့အတွက် ရရှိနိုင်သည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးနှင့် တာဝန်ယူတာဝန်ခံမှုယန္တရားများနှင့် ပတ်သက်၍ ဥပဒေရေးရာ သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးပါသည်။

ဤလမ်းညွှန်သည် ရိုဟင်ဂျာအကျပ်အတည်းဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးထားပြီး မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် ကျူးလွန်ခဲ့သူများအား တရားဥပဒေရှေ့မှောက် ပို့ဆောင်လိုသည့် ကျူးလွန်ခံခဲ့ရသူများနှင့် အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာများ ရရှိနိုင်သည့် တရားဥပဒေဆိုင်ရာ နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။ ၂၀၁၀ နောက်ပိုင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ လက်ရှိ ဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများဆိုင်ရာ ခြုံငုံသုံးသပ်ချက်တစ်ခုကိုလည်း ဤလမ်းညွှန်က ဖော်ပြထားပါသည်။ ၎င်းအတွင်း ရိုဟင်ဂျာများကို ထောက်ပံ့ကူညီရန်နှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုရရှိရန် ၎င်းတို့၏ကြိုးပမ်းမှုအား ကူညီပံ့ပိုးပေးရန် လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်နေသူများအတွက် အဓိက သတင်းစကားများ၊ အာဘော်များ (themes) နှင့် လက်တွေ့နည်းလမ်းများ ပါဝင်ပါသည်။ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်နေသူများအတွက် ရှင်းလင်းသော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များကို ပံ့ပိုးနိုင်ရန် လမ်းညွှန်တွင် "မေးခွန်းများနှင့် အဖြေများ" ပုံစံကို အသုံးပြုထားပါသည်။

**~~လမ်းညွှန်ကို~~ လက်ရှိ ဥပဒေကြောင်းဆိုင်ရာ အမှုကိစ္စများ၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို အချိန်နှင့်တပြေးညီ ဖော်ပြနိုင်စေရန် အမြဲပြင်ဆင်မွမ်းမံသွားပါမည်။**

***အောက်ဖော်ပြပါ ရုပ်ပုံ - အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာတစ်ဦး၏ မျက်လုံးများမှတဆင့် မြင်တွေ့ရသည့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)***



# ဤလမ်းညွှန်ကို ဘာကြောင့် ပြုစုရပါသလဲ။

## မြန်မာစစ်တပ်က ကျူးလွန်ခဲ့တဲ့“ ကြောက်မက်ဖွယ်ပြစ်မှုတွေကနေ အသက်ရှင်လွတ်မြောက်သူတွေနဲ့ ထိခိုက်ခံစားခဲ့ရသူတွေဟာ တရားမျှတမှုရမဲ့ အခွင့်အလမ်းတွေ ”ရှိဖို့ အရေးကြီးပါတယ်။

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး၊ ၂၄ နှစ်

**အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးစနစ်သည် ဆိုးရွားပြင်းထန်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံမှု ရရှိစေရန် ဥပဒေမူဘောင်တစ်ခု ပံ့ပိုးပေးသည်။ ပြစ်ဒဏ်မှ လွတ်ကင်းနေပြီး ကျူးလွန်သူများ အာဏာဆက်လက်ရှိနေသည့် ၎င်းတို့၏နိုင်ငံတွင်း တရားမျှတမှုရရှိရန် ယုံကြည်စိတ်ချရသည့် နည်းလမ်းများကို လက်လှမ်းမမှီသည့် ပြင်းထန်သော မတရားပြုကျင့်မှုများမှ အသက်ရှင်လွတ်မြောက်လာသူများနှင့် ထိခိုက်ခံစားခဲ့ရသူများအတွက် တာဝန်ယူတာဝန်ခံမှု ရှိစေခြင်းသည် အလွန်အရေးကြီးပါသည်။ အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးစနစ်သည် ပြစ်ဒဏ်မှ လွတ်ကင်းနေမှုကို အဆုံးသတ်ရန်၊ ယုံကြည်မှုကို တည်ဆောက်ရန်နှင့် ထပ်တလဲလဲ ဖြစ်ပွားမှုကို တားဆီးရန်အတွက် နည်းလမ်းတစ်ခု ပံ့ပိုးပေးပါသည်။**

ရိုဟင်ဂျာဒုက္ခသည်အကျပ်အတည်းသည် ကာလရှည်ကြာ ဖြစ်ပွားနေသည့် အရေးပေါ်အခြေအနေဖြစ်ပြီး ကြောက်မက်ဖွယ် ရာဇဝတ်မှုများမှ အသက်ရှင်လွတ်မြောက်ခဲ့သည့် ရိုဟင်ဂျာလူမျိုးများသည် ၎င်းတို့၏ မိခင်နိုင်ငံသို့ မိမိတို့ ဆန္ဒအလျောက် လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိရှိနှင့် ပြန်နိုင်မည့် အခွင့်အရေး လက်ရှိတွင် မရှိသေးပါ။ အသက်ရှင်လွတ်မြောက်သည့် ရိုဟင်ဂျာလူမျိုးများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးနှင့် တာဝန်ယူတာဝန်ခံမှုယန္တရားများကို မိမိဆန္ဒအလျောက် လုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိရှိပြန်လိုသည့် ၎င်းတို့၏ထိပ်တန်းဆန္ဒအား ဖြည့်ဆည်းနိုင်မည့် မရှိမဖြစ်အရာအဖြစ် မှတ်ယူပါသည်။ တရားမျှတမှုအတွက် မျှော်လင့်ချက်ကိုလည်း ၎င်းက အားဖြည့်ပေးသည်ဟု ၎င်းတို့က မှတ်ယူပါသည်။ မြန်မာစစ်တပ်၏ ကာလရှည်ကြာ ပြစ်ဒဏ်မှကင်းလွတ်နေမှုအား အဆုံးသတ်ခြင်းသည်လည်း မြန်မာနိုင်ငံအတွက် ဒီမိုကရေစီအနာဂတ် ခိုင်မာစေရန် အသက်တမျှ အရေးကြီးပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ ရိုဟင်ဂျာအရေးဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်နေသူများသည် ၎င်းတို့အတွက် တရားမျှတမှု ရှာဖွေရာတွင် ကူညီပံ့ပိုးပေးနိုင်ပါသည်။ လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်နေသူများသည် ရိုဟင်ဂျာအသိုက်အဝန်းနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုနှင့် တာဝန်ယူတာဝန်ခံမှု ယန္တရားများအပေါ် သိရှိနားလည်မှုအား မြှင့်တင်ရန်နှင့် ၎င်းတို့အား သတင်းအချက်အလက်၊ ကူညီပံ့ပိုးမှုနှင့် ဆက်သွယ်ရန်နေရာများကို လမ်းညွှန်ပေးနိုင်မည့် အရေးပါသော အနေအထားတွင် ရှိနေသဖြင့် ၎င်းတို့အတွက် ဤလမ်းညွှန်အား ပြင်ဆင်ထားပါသည်။ လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်နေသူများသည် ရိုဟင်ဂျာတို့၏ ပြောဆိုမှုကို နားထောင်ပြီး ပြန်လည်ဖြန့်ဝေရန်၊ အဆိုပါ လူ့အသိုက်အဝန်းအတွက် ပံ့ပိုးကူညီမှုနှင့် ဝန်ဆောင်မှုများ လက်လှမ်းမှီစေရန် နှင့် မြန်မာနိုင်ငံတွင် ၎င်းတို့ ကြုံတွေ့ခံစားခဲ့ရသည့် ကြမ်းကြုတ်ရက်စက်မှုများအတွက် တရားမျှတမှု တောင်းဆိုနိုင်စေရန် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပါသည်။

# ရိုဟင်ဂျာ အကျပ်အတည်း ဆိုသည်မှာ ဘာပါလဲ။

## ရိုဟင်ဂျာဆိုသည်မှာ ဘယ်သူတွေပါလဲ။

**ရိုဟင်ဂျာများသည် မြန်မာနိုင်ငံရှိ မွတ်စလင် လူနည်းစုတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် မျိုးဆက်များစွာ နေထိုင်ခဲ့သော်လည်း နိုင်ငံသားဖြစ်မှုနှင့် တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ ဥပဒေများနှင့် နိုင်ငံအဆင့် မူဝါဒ အဆက်ဆက်အရ ရိုဟင်ဂျာများကို ဖယ်ထုတ်ခဲ့ပြီး ၎င်းတို့အား စနစ်တကျ ခွဲခြားဆက်ဆံခဲ့သည်။ ၁၉၈၂ ခုနှစ်ကတည်းက ၎င်းတို့သည် နိုင်ငံမဲ့ဖြစ်ခဲ့ကြပြီး လွတ်လပ်စွာ သွားလာခွင့်နှင့် ကိုးကွယ်ခွင့် အပါအဝင် အခြေခံအခွင့်အရေးများ ကန့်သတ်ခံခဲ့ရပြီး[1] ဆယ်စုနှစ်များစွာ အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ ခံစားခဲ့ရသည်၊ ရိုဟင်ဂျာများသည် မြန်မာ "ဒေသခံတိုင်းရင်းသား" မဟုတ်ဘဲ ဗမာအမျိုးသ[illegible]ာက္ခဏာ အပေါ် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ကာလရှည်ကြာ ပုံဖော်ခံခဲ့ရသည်။ [2]ရိုဟင်ဂျာများကို "ခွဲခြားဆက်ဆံမှု အခံရဆုံးသူများ မဟုတ်လျှင်ပင် ခွဲခြားဆက်ဆံမှု အခံရဆုံးသူများထဲမှ တစ်စု" ဟု ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် (António Guterres) က ညွှန်းဆိုခဲ့သည်။[3]**

### ရိုဟင်ဂျာလူမျိုးများက ဘာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်အဖြစ် ခိုလှုံကြပါသလဲ။

ရိုဟင်ဂျာများသည် ၁၉၇၈၊ ၁၉၉၁-၁၉၉၂၊ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များအပါအဝင် ၁၉၇၀ ခုနှစ်များကတည်းက အကြိမ်ပေါင်းများစွာသော အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ရပြီး၊[4,5,6] မကြာသေးမီက ဖြစ်ပွားခဲ့သော ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် 'နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကြောင့်' ထပ်မံထွက်ပြေးခဲ့ရသည်။ အဆိုပါ စစ်ဆင်ရေးအကြောင်းကို နောက်အပိုင်းတွင် ထပ်မံရှင်းပြပါမည်။ ဖြစ်ရပ်တိုင်းတွင် အဓမ္မပြုကျင့်မှု၊ ဥပဒေမဲ့ သေဒဏ်စီရင်မှု/ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ လူသားမဆန်စွာနှင့် သိက္ခာမဲ့ ဆက်ဆံမှုနှင့် အပြစ်ပေးမှုများ၊ ပိုင်ဆိုင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးမှုစသည့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အဆိုပါဖြစ်ရပ်များကြောင့် သောင်းပေါင်းများစွာနှင့် တခါတရံ သိန်းပေါင်းများစွာသော ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်အတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

### ရိုဟင်ဂျာလူမျိုးအားလုံးကို မြန်မာစစ်တပ်က ပစ်မှတ်ထားခဲ့ပါသလား။

အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသသခံယူမှု ရှိသူများအားလုံးကို မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်မှုများက ပစ်မှတ်ထားခဲ့ပြီး အဆိုးရွားဆုံးသော ပြုကျင့်မှုများကို ခံစားခဲ့ရသည်။[7]

### မြန်မာနိုင်ငံတွင်ရှိသည့် ရိုဟင်ဂျာလူမျိုးများ၏ လက်ရှိအခြေအနေက ဘာပါလဲ။

ရိုဟင်ဂျာ ၆၀၀,၀၀၀ ခန့်သည် ရခိုင်ပြည်နယ်တွင် လက်ရှိ နေထိုင်လျက်ရှိကြပြီး ၁၄၈,၀၀၀ သည် ပြည်တွင်း၌ ထွက်ပြေးတိမ်းရှောင်ရလျက်ရှိသည်။[8] ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးကတည်းက ရခိုင်ပြည်နယ်အတွင်း ကျန်ရှိသည့် ရိုဟင်ဂျာများသည် [9]ထိန်းချုပ်ခံထားရပြီးသော လူ့အခွင့်အရေးများအား ပြင်းပြင်းထန်ထန် ကန့်သတ်ခံရခြင်းနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခံရခြင်းများအပါအဝင် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများကို ပိုမို ခံစားနေရသည်။ အာဏာသိမ်းပြီးနောက် ဒေသအာဏာပိုင်များသည် ရခိုင်မြောက်ပိုင်းတွင် နေထိုင်သည့် ရိုဟင်ဂျာများ၏ လွတ်လပ်စွာ သွားလာခွင့်ကို ထပ်မံကန့်သတ်သည့် ညွှန်ကြားချက်ကို ပြန်လည်အသက်သွင်းခဲ့ပြီး ထွက်ပြေးရန် ကြိုးစားသူများကို ပြင်းပြင်းထန်ထန် အပြစ်ပေးရန် ညွှန်ကြားခဲ့သည်။[10]

လက်ရှိအခြေအနေတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များ၌ ဆောင်ရွက်ခဲ့သည့် နယ်မြေရှင်းလင်းရေး စစ်ဆင်မှုများမှ ထွက်ပြေးခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရိုဟင်ဂျာဒုက္ခသည်များသည် မိမိသဘောဆန္ဒအလျောက် ဘေးကင်း၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရန် မဖြစ်နိုင်သေးပါ။

# အဓိက **အချက်အလက်များ**

ရိုဟင်ဂျာများသည် ဆယ်စုနှစ်များစွာ စနစ်တကျ ပြဌာန်း၍ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုကို ရင်ဆိုင်ခဲ့ရသည်။

၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို ဥပဒေမဲ့ ပိတ်ပင်ခံရပြီး *တရားဝင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေနိုင်ငံ*မဲ့အခြေအနေကို ရောက်ရှိနေသည်။

ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်ဦးဆောင်သည့် ကြိမ်ဖန်များစွာသော အစုလိုက်အပြုံလိုက် အကြမ်းဖက်မှုများမှ လွတ်မြောက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၉၇၀ ခုနှစ်များကတည်းက ၎င်းတို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။

၎င်းတို့သည် အမုန်းတရား၊ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းရန် စည်းရုံးလှုံ့ဆော်မှုများကို ခံစားခဲ့ရပြီး မကြာသေးမီက ဖြစ်ပွားခဲ့သည့် ၂၀၁၇ နယ်မြေရှင်းလင်းရေးဟု ခေါ်ဆိုသော စစ်ဆင်ရေးအတွင်း မျှော်လင့်မထားသော အကြမ်းဖက်မှုများကို ခံစားခဲ့ရသည်။

## ၂၀၁၇ ခုနှစ် **နယ်မြေရှင်းလင်းရေး**ဆိုသည်မှာ ဘာပါလဲ။

**၂၀၁၇ ခုနှစ် ဩဂုတ်လ၊ ၂၅ ရက်နေ့တွင် အာဏာပိုင်များက နယ်မြေရှင်းလင်းရေးဟု ခေါ်[illegible]တပ်ပြီး နှစ်လကျော် ကြာမြင့်သည့် ရိုဟင်ဂျာလူမျိုးများအပေါ် အပြင်းထန်ဆုံးနှင့် အဆိုးရွားဆုံးသော တိုက်ခိုက်မှုများထဲမှ တစ်ခုကို မြန်မာစစ်တပ်က စတင်ဆောင်ရွက်ခဲ့သည်။[11]အကြမ်းဖက်မှုအတွင်း အနည်းဆုံး လူ ၁၀,၀၀၀ ခန့် သေဆုံးခဲ့ရပြီး၊ [12] အသက်ရှင်ကျန်ရစ်သူ အနည်းဆုံး လူ ၇၂၀,၀၀၀ ခန့်သည် - ၎င်းတို့တွင်းမှ တစ်ဝက်သည် ကလေးများဖြစ်ကြသည် - အကြမ်းဖက်မှုမှ လွတ်မြောက်ရန် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ရသည်။[13]**

## အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

မြန်မာစစ်တပ်သည် အရပ်သားများနှင့် လက်နက်ကိုင်အုပ်စုများအကြား ခွဲခြားခြင်းမပြုဘဲ ချေမှုန်းရေးရိုင်ဖယ်များနှင့် ရိုဟင်ဂျာကျေးရွာများသို့ ပစ်ခတ်ခဲ့သဖြင့် ရိုဟင်ဂျာအမြောက်အများ သေဆုံးခဲ့ရသည်။[14]ယောကျာ်း၊ မိန်းမနှင့် ကလေးငယ်အားလုံး ပစ်ခတ်ခံခဲ့ရသည်။ လျှင်မြန်စွာ မသွားလာနိုင်သူများ~~သည် ပိုမို ထိခိုက်ခံစားခဲ့ရသည်~~ - များသောအားဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ သို့မဟုတ် ကလေးငယ်ရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ ရိုဟင်ဂျာနေအိမ်များကို မီးလောင်လွယ်သော အရည်များနှင့် ပေါက်ကွဲပစ္စည်းများကို အသုံးပြုပြီး မီးရှို့ခဲ့ကြသဖြင့် လူအများအပြားသည် ၎င်းတို့၏အိမ်၌ပင် မီးလောင်သေဆုံးခဲ့ရသည်။[15]အချို့ဖြစ်ရပ်များတွင် မြန်မာစစ်တပ်သည် နယ်ခြားစောင့်ရဲ (BGP)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) သို့မဟုတ် အဓိကရုဏ်းရဲများနှင့်အတူ တစ်အိမ်မှ တစ်အိမ်သို့ စနစ်တကျ ရွေ့ပြောင်းပြီး လူများကို အိမ်အတွင်းမှ ဆွဲထုတ်ကာ များသောအားဖြင့် မိသားစုဝင်များရှေ့တွင်ပင် ပစ်မှတ်ထား သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ အစွန်းရောက် ရခိုင်တိုင်းရင်းသားများကလည်း မြန်မာစစ်တပ်နှင့်အတူ ဓါးရှည်များ အသုံးပြု၍ ပစ်မှတ်ထား သတ်ဖြတ်ခဲ့ကြသည်။[16]

**များစွာသော သတ်ဖြတ်မှုဖြစ်စဉ်များက ရိုဟင်ဂျာများ အပေါ် ရက်စက်ပြီး ဥပဒေမဲ့ ကျူးလွန်မှုများကို ထုတ်ဖော်ပြသနေသည်။**

**၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင်၊ မြန်မာ စစ်သားများသည် တူလာ တိုလီ (Tula Toli) ကျေးရွာကို ဝိုင်းရံခဲ့ပြီး အိမ်များကို စတင်မီးရှို့ခဲ့ကြသည်။ ထို့နောက် စစ်သားများသည် မြစ်ကမ်းခြေသို့ ထွက်ပြေးလာသည့် လူအုပ်အတွင်းသို့ တိုက်ရိုက် ပစ်ခတ်ခဲ့သည်။ ကမ်းခြေသို့ ရောက်ရှိခဲ့ကြသည့် ရွာသားများသည်လည်း တဖက်တွင် မြစ်နှင့် အခြားတဖက်တွင် စစ်သားများအကြား ပိတ်မိနေခဲ့ကြသည်။ လူများစွာ - အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ - သည် လွတ်မြောက်ရန် ထွက်ပြေးရင်း မြစ်အတွင်း ရေနစ်သေဆုံးခဲ့ရသည်။ ကျန်ရှိသည့် ရာပေါင်းများစွာသောသူများကို စစ်သားများက ပိတ်ဆို့ခဲ့ပြီး ယောကျ်ား၊ မိန်းမ သီးခြားစီ ခွဲခြားခဲ့သည်။ ထို့နောက် စစ်သားများသည် ယောကျ်ားများကို စနစ်တကျ သတ်ဖြတ်ခဲ့ပြီး အလောင်းများကို မီးတင်ရှို့ခဲ့ကြသည်။ ကလေးငယ်များကို မိခင်များလက်မှ လုယူပြီး မြစ်အတွင်း ပစ်ချခဲ့သည်။[17]**

**၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင်၊ အင်းဒင်ရွာမှ အမျိုးသား ဆယ်ယောက်အား လက်နက်ကိုင် အဖွဲ့ဝင်များဟု စွပ်စွဲပြီး သတ်ဖြတ်ခဲ့သည်။ ၎င်းတို့ထဲမှ နှစ်ယောက်အား ရခိုင်လူမျိုးရွာသားများမှ မသေမချင်း ခုတ်ထစ်သတ်ဖြတ်ခဲ့ကြပြီး ကျန်သောသူများကို မြန်မာစစ်သားများက ပစ်သတ်ခဲ့သည်။ ၎င်းတို့အားလုံးကို ၎င်းတို့၏ အိမ်နီးချင်းများ တူးဖော်ထားသည့် ကျင်းတစ်ခုအတွင်း စုပေါင်းမြှုပ်နှံခဲ့သည်။[18]**

## လိင်းပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြု အကြမ်းဖက်မှု

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများကို အတိုင်းအတာကြီးကြီးမားမားဖြင့် ကျူးလွန်ခဲ့ကြသည်။ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM သို့မဟုတ် Fact-Finding Mission) သည် ရာပေါင်းများစွာသော ရိုဟင်ဂျာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ကျူးလွန်ခဲ့သည့် အဓမ္မပြုကျင့်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အဆိုပါ အမှုများထဲမှ ၈၀ ရာခိုင်နှုန်းသည် အုပ်စုဖွဲ့ အဓမ္မပြုကျင့်မှုများ ဖြစ်ကြသည်။ အဆိုပါ အုပ်စုဖွဲ့အဓမ္မပြုကျင့်မှုများ၏ ၈၂ ရာခိုင်နှုန်းအတွက် တပ်မတော် သို့မဟုတ် မြန်မာနိုင်ငံ လက်နိုင်ကိုင်တပ်ဖွဲ့များတွင် တာဝန်ရှိခဲ့သည်။[19]

များစွာသော အုပ်စုဖွဲ့အဓမ္မပြုကျင့်မှုများကို များသောအားဖြင့် အများပြည်သူနေရာများ၊ ရွာအနီးရှိ သစ်တောများအတွင်း သို့မဟုတ် ရွာအတွင်းရှိ အိမ်ကြီးများအတွင်းတွင် များသောအားဖြင့် ပြုကျင့်ခံရသူ၏ ကလေးများ၊ အခြားမိသားစုဝင်များနှင့် အိမ်နီးနားချင်းများ ရှေ့တွင် ကျူးလွန်ခဲ့ကြသည်။[20]

ကျူးလွန်ခံရသူများသည် အဓမ္မပြုကျင့်စဉ်နှင့် မပြုကျင့်မီ ပြင်းပြင်းထန်ထန် ထိခိုက်အနာတရဖြစ်ခဲ့ကြပြီး ဓါးများနှင့် ဒုတ်များ အသုံးပြု ပြုကျင့်ခြင်းအပါအဝင် ထိတ်လန့်ဖွယ်ရာ ကျူးလွန်မှုများကြောင့် မျိုးပွားအင်္ဂါများတွင် ထိခိုက်ဒဏ်ရာများ ခံစားခဲ့ရသည်။[21]များစွာသော ကျူးလွန်ခံရသူများသည် သတ်ဖြတ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာကြောင့် သေဆုံးခဲ့ကြရပြီး အသက်ရှင်ကျန်ရစ်သူများသည် ပြင်းထန်သော စိတ်ဒဏ်ရာနှင့် လူ့အသိုက်အဝန်းအတွင်း အမည်းစက် ထင်ကျန်ရစ်ခဲ့ကြရသည်။[22]

> “ကျွန်မယောကျ်ားကို ရခိုင်မှာ သူတို့ သတ်ဖြတ်ခဲ့ကြတယ်။ သူ့အတွက် တရားမျှတမှုရဖို့ ဘယ်နေရာကို သွားရပါစေ ကျွန်မသွားဖို့ အဆင်သင့်ပဲ။ ကျွန်မက ငယ်ရွယ်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ စစ်တပ်က ကျွန်မမျက်စိတွေ ကန်းအောင် လုပ်ခဲ့တယ်။ ကျွန်မ အခု မသန်စွမ်းတဲ့ မုဆိုးမတစ်ယောက်ဖြစ်နေပြီ။ ဒီလို အဖြစ်မျိုးကို ကျွန်မ ခံစားရဖို့ မထိုက်တန်ပါဘူး။ ကျွန်မဘဝ တစ်ခုလုံး အတွက် သူတို့ လျော်ကြေးပေးသင့်တယ်။ ကျွန်မကို ဘဝ တလျှောက်လုံး သူတို့ ကျွေးမွေးပြုစုသင့်တယ်။”

**အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး၊ အသက် ၃၂ နှစ်**

## ကျယ်ပြန့်သော မီးရှို့ တိုက်ခိုက်မှုများ

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အနည်းဆုံး ကျေးရွာ ၃၉၂ ရွာ (အဆိုပါ ပမာဏသည် ရွာစုစုပေါင်း၏ ၄၀% ကို ကိုယ်စားပြုပါသည်) သည် တစိတ်တပိုင်း သို့မဟုတ် ရွာလုံးကျွတ် ဖျက်ဆီးခံခဲ့ရသည်။ အဆိုပါရွာများထဲမှ အများစု (၈၀%ခန့်)သည် ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ၏ ပထမ သုံးပတ်အတွင်း မီးရှို့ခံခဲ့ရခြင်းဖြစ်သည်။ [23]

## မတရား အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများနှင့် အစဖျောက်ခံရခြင်းများ

များစွာသော ရိုဟင်ဂျာ လူကြီးနှင့် လူငယ်အမျိုးသားများသည် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း ဖမ်းဆီးခံရပြီး အစအန ပျောက်ဆုံးခဲ့ကြသည်။[24]၎င်းတို့သည် များသောအားဖြင့် အကြမ်းဖက် ဖမ်းဆီးခံခဲ့ရပြီး အဝေးသို့ မခေါ်ဆောင်မီ ၎င်းတို့၏ လက်ကို တုပ်နှောင်ခြင်း သို့မဟုတ် မျက်စိများကို စည်းနှောင်ခြင်း ခံခဲ့ရသည်။[25]အဖမ်းဆီးခံခဲ့ရသည့် ရွာသားများ ဘာဖြစ်သွားသည်ကို တိတိကျကျ မသိရဘဲ ပျောက်ဆုံးသွားခြင်းများကြောင့် ရိုဟင်ဂျာအသိုက်အဝန်းများအကြား မချိတင်ကဲဝေဒနာကို ခံစားနေရဆဲဖြစ်သည်။[26]

# မီးမောင်းထိုးပြလိုသည့်အချက်

## မြန်မာနိုင်ငံတွင် အမျိုးသားများ၊ ကွဲပြားသည့် လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ခွဲခြား သတ်မှတ်မှုရှိသူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**အနည်းငယ်သာ ဖော်ပြခံခဲ့ရသော်လည်း အမျိုးသားများ၊ လူငယ်များနှင့် "ဟစ်ဂျရာ (hijra)" (အမျိုးသားအဖြစ်မွေးဖွားလာသော်လည်း အမျိုးသမီးဟု ခံယူထားသူ/ အမျိုးသမီးအဖြစ် မွေးဖွားလာသော်လည်း အမျိုးသားအဖြစ် ခံယူထားသူ၊ သို့မဟုတ် မွေးရာပါလိင်နှင့် မတူကွဲပြားသော ဂျန်ဒါ ဖော်ပြချက်ရှိသူ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံးပါသူ၊ တတိယဂျန်ဒါ) များသည်လည်း လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများကို ခံစားခဲ့ကြရသည်။**

- အချက်အလက်ရှာဖွေရေးမစ်ရှင်သည် စစ်တပ်က ၎င်းတို့၏ အချုပ်ထောင်များ၊ အထူးသဖြင့် ဘူးသီးတောင်အကျဉ်းထောင်အတွင်းတွင် ရိုဟင်ဂျာအမျိုးသားများကို လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပန်းနည်းများကို အသုံးပြု နှိပ်စက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။[27]
- ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည် ၄၉၅ ဦးအား မေးမြန်းခဲ့သည့် လေ့လာမှုတစ်ခုတွင် ရိုဟင်ဂျာအမျိုးသားများ၏ ၃၄.၃% သည် "လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အရှက်ခွဲမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု" များကို ခံစားခဲ့ရကြောင်း တွေ့ရှိခဲ့သည်။[28]
- LAW အဖွဲ့၏ ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသားများအား မေးမြန်းထားသည့် သုတေသနစစ်တမ်းတစ်ခုတွင် ဖြေဆိုသူများက မြန်မာနိုင်ငံတွင် စစ်တပ် သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သည့် အဓမ္မပြုကျင့်မှု (၉၀.၅%) နှင့် လိင်အင်္ဂါ ဖြတ်တောက်ခြင်း/ချို့ယွင်းအောင်ပြုလုပ်ခြင်း (၉၀.၅%) အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခံခဲ့ရကြောင်း အများစုက ဖြေဆိုခဲ့ကြသည်။[29]
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC)၏ အကြိုကြားနာမှုတရားရုံးသည် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း မြန်မာစစ်တပ်သည် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ၊ အမျိုးသားများနှင့် "ဟစ်ဂျရာ"များအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မ အခြေပြုအကြမ်းဖက်မှုများကို အသုံးပြုခဲ့ကြောင်း တွေ့ရှိခဲ့သည်။[30]

> "စစ်တပ်က မှောင်မိုက်တဲ့ နေရာတစ်ခုဆီ ကျွန်တော့်ကိုခေါ်သွားပြီး မုဒိမ်းကျင့်ခဲ့တယ်၊ ပြီးတော့ သူတို့က ကျွန်တော့်လိင်တံကို မီးခြစ်နဲ့ မီးရှို့ခဲ့တယ်။ ကျွန်တော့် လိင်တံထဲမှာ ခုထိ နာကျင်မှုကို ခံစားနေရတုန်းပဲ။ ကျွန်တော် ကောင်းကောင်း လမ်းမလျှောက်နိုင်သလို ကောင်းကောင်းလည်း မထိုင်နိုင်ဘူး။"

**အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသား**

## အဓိက တွေ့ရှိချက်များ

နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကြောင့် အနည်းဆုံး ရိုဟင်ဂျာ ၁၀,၀၀၀ ခန့် သေဆုံးခဲ့ပြီး ၇၂၀,၀၀၀ ကျော်သည် နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရသည်။

မွေးကင်းစ၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့် အမျိုးသားများအပါအဝင် ရိုဟင်ဂျာအားလုံးသည် ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုများ ကျူးလွန်ခံခဲ့ရသည်။ အဓိက ကျူးလွန်သူများမှာ မြန်မာစစ်တပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတို့ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုကို အမျိုးသမီး၊ မိန်းကလေးငယ်များအား ပစ်မှတ်ထား၍ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြသည်။ သို့ရာတွင် အမျိုးသားများ၊ ယောကျ်ားကလေးများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲနေထိုင်သူ၊ ကျား/မ သတ်မှတ်မှု လိင်ဝိသေသလက္ခဏာရပ်များနှင့် ကွဲပြားနေသူများလည်း အဆိုပါ အကြမ်းဖက်မှုကို ထိခိုက်ခံစားခဲ့ရသည်။

# ရိုဟင်ဂျာများအပေါ် မည်သည့် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြပါသလဲ။

**၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM or Fact-Finding Mission) ၏ အစီရင်ခံစာတွင် အကြီးပိုင်း မြန်မာစစ်တပ်အရာရှိများအပါအဝင် ကျူးလွန်သူများကို ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးပြီး အရေးယူသင့်ကြောင်း ကောက်ချက်ချထားသည်။**

## လူမျိုးတုံးသတ်ဖြတ်မှုဆိုသည်မှာ ဘာပါလဲ။

လူမျိုးတုံးသတ်ဖြတ်မှုဆိုသည်မှာ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး သို့မဟုတ် ယုံကြည်ကိုးကွယ်မှုဘာသာရေးအုပ်စု တစ်ခုခုကို တစိတ်တပိုင်းဖြစ်စေ အားလုံးဖြစ်စေ ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ရုပ်ပိုင်းဆိုင်ရာ အားထုတ်မှု အမျိုးအစားတစ်ခုခုကို ကျူးလွန်ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း မြန်မာစစ်တပ်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများသည် လူမျိုးတုံးသတ်ဖြတ်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်ပါ တားမြစ်ထားသော လုပ်ဆောင်မှု ငါးခုအနက် ပထမ လေးခုအား ဖောက်ဖျက်ကျူးလွန်ခဲ့သည်။

**၁ သတ်ဖြတ်ခြင်း၊**

**၂ ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်စေခြင်း၊**

**၃ အုပ်စု တစ်ခုလုံးကိုဖြစ်စေ တစိတ်တပိုင်းကိုဖြစ်စေ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပျက်စီးစေရန် ကြံရွယ်ပြီး ဘဝနေထိုင်မှုအခြေအနေများအား ရည်ရွယ်ချက်ရှိရှိထိခိုက်စေခြင်း၊ နှင့်**

**၄။ ကလေးမွေးဖွားမှုကို တားဆီးရန် ရည်ရွယ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။**[31]

အချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြပါအချက်များကို ကိုးကား၍ မြန်မာစစ်တပ်သည် "လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်"ဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများနှင့် အဓမ္မကျင့်မှုများ - အမုန်းတရား လှုံ့ဆော်မှုများကို အသုံးပြုခြင်း၊ ခွဲခြားဆက်ဆံရေး အစီအမံများနှင့် မူဝါဒများ ချမှတ်ကျင့်သုံးခြင်း၊ ဖျက်ဆီးရန် အစီအမံများကို စနစ်တကျဆောင်ရွက်ထားသည့် သက်သေသာဓကများနှင့် ပြင်းထန်ရက်စက်ပြီး ကျယ်ပြန့်သော အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြောင်း ကောက်ချက်ချခဲ့သည်။[32]

## လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဆိုသည်မှာ ဘာပါလဲ။

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဆိုသည်မှာ မည်သည့်အရပ်သားလူထု (၎င်းတို့၏ ဆက်နွယ်မှုနှင့် ဝိသေသလက္ခဏာတို့သည် မည်သို့ပင်ရှိစေကာမူ) ကိုမဆို ပစ်မှတ်ထား၍ စနစ်တကျ သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်မှုတို့ကို တမင်တကာ ကျူးလွန်သည့် လုပ်ဆောင်ချက်များကို ဆိုလိုသည်။[33]၎င်း လုပ်ဆောင်ချက်များတွင် လူသတ်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ အတင်းအကြပ် အစဖျောက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ဖိနှိပ်ခြင်းတို့ပါဝင်ပြီး မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ် အဆိုပါ အချက်အားလုံးဖြင့် ကျူးလွန်ခဲ့ကြသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် စစ်ဆင်ရေးအားလုံးတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသည် ကြုံသလို ကျပမ်းဆောင်ရွက်ပုံမျိုးမဟုတ်ဘဲ ၎င်းတို့ လက်လှမ်းမီသလောက် ဧရိယာအတွင်း လူများနှင့် သားကောင်များကို ပစ်မှတ်ထား၍ ကျူးလွန်နိုင်သလောက် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြသည်။

လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ရန် "နှိပ်စက်ညှဉ်းပမ်း"သည့် လုပ်ရပ်မှလွဲ၍ (လူမျိုးတုံးသတ်ဖြတ်မှုနှင့် မတူသည်မှာ) တိကျသော ရည်ရွယ်ချက်ရှိကြောင်း သက်သေပြရန် မလိုအပ်ပါ။ နှိပ်စက်ညှဉ်းပမ်းမှုတွင် ခွဲခြားကျူးလွန်သည့် ရည်ရွယ်ချက် ရှိရန်လိုအပ်သည်။ ICC ၏ ရောမသဘောတူစာချုပ်တွင် နှိပ်စက်ညှဉ်းပန်းမှုဆိုသည်မှာ သီးခြားဝိသေသလက္ခဏာရပ်ရှိသည့် အုပ်စုတစ်ခု သို့မဟုတ် အားလုံးကို ခြုံငုံ၍ နိုင်ငံတကာဥပဒေများကို ဆန့်ကျင်ပြီး ၎င်းတို့ ရသင့်သည့် အခြေခံရပိုင်ခွင့်များကို ရည်ရွယ်ချက်ရှိရှိနှင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပိတ်ပင်ပြီး[34]ပစ်မှတ်ထား ကျူးလွန်ခြင်းကို ဆိုလိုသည်- ဥပမာ နိုင်ငံသား၊ တိုင်းရင်းသား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေး၊ ကျား/မ၊ လူမျိုး၊ ယဉ်ကျေးမှု သို့မဟုတ် အခြားအခြေခံနယ်ပယ်များ။[35]အချက်အလက်ရှာဖွေရေးမစ်ရှင်က မှတ်ချက်ပြုထားသည်မှာ မြန်မာစစ်တပ်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များသည် ခွဲခြားဆက်ဆံသော နိုင်ငံတော်အဆင့် မူဝါဒများနှင့် လုပ်ထုံးများကို အကောင်အထည်ဖော်ခြင်း သို့မဟုတ် လိုက်နာခြင်းဖြင့် ဖိနှိပ်မှုယန္တရားတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ထို့အပြင် လူမျိုးစု၊ ကိုးကွယ်ယုံကြည်မှုနှင့် ကျား/မအခြေခံသည့် ခွဲခြားဆက်ဆံမှုများဖြင့် ရိုဟင်ဂျာများအပေါ် အထင်သေး မုန်းတီးမှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် အခြေခံ၍ အကြမ်းဖက်လုပ်ရပ်များဖြစ်သော အကြမ်းဖက်အဓမ္မပြုကျင့်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် နှိပ်စက်ညှင်းပန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏အခြေခံအခွင့်အရေးများကို ဆုံးရှုံးစေခြင်းဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုကို ၎င်းတို့ ကျူးလွန်ခဲ့ကြသည်။

## စစ်ရာဇဝတ်မှုများဆိုသည်မှာ ဘာပါလဲ။

စစ်ရာဇဝတ်မှုဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခအတွင်း နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများကို ဆိုးဆိုးရွားရွားချိုးဖောက်သည့် ရာဇဝတ်မှုများဖြစ်သည်။[36]စစ်တပ်သည် အစောဆုံး ၂၀၁၇ ခုနှစ် ဩဂုတ်လကတည်းက စစ်ရာဇဝတ်မှုများဖြစ်သည့် အရပ်သားများကို တိုက်ခိုက်ခြင်း၊ အရပ်သားများကို မူလနေထိုင်ရာမှ ဖယ်ရှားခြင်း၊ လုယက်ဖျက်ဆီးခြင်း၊ ကာကွယ်ထားသည့်အရာများကို တိုက်ခိုက်ခြင်း၊ ဓားစာခံဖမ်းဆီးခြင်း၊ တရားဥပဒေမဲ့ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် သေဒဏ်ပေးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ရက်စက်စွာ ဆက်ဆံခြင်း၊ ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း စသည့်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည်။

# မီးမောင်းထိုးပြလိုသည့်အချက်

## မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများက လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ကြောင်း ညွှန်းဆိုပါသည်

ရိုဟင်ဂျာများကို ပစ်မှတ်ထား၍ အဓမ္မကျင့်ခြင်း၊ အုပ်စုဖွဲ့အဓမ္မကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ - များသောအားဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် - ကို မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း ကျယ်ကျယ်ပြန့်ပြန့် တွေ့ရလေ့ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ၎င်းတို့၏အစီရင်ခံစာတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို အားပေးသည့် ကျူးလွန်မှုများအဖြစ် သတ်မှတ်နိုင်ကြောင်း အချက်အလက်ရှာဖွေရေးမစ်ရှင်က ခိုင်လုံသောအချက်များအပေါ် အခြေခံကာ ကောက်ချက်ချထားပါသည်။

၎င်းတို့၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် မြန်မာစစ်သားများက ရိုဟင်ဂျာ အမျိုးသမီးနှင့် အမျိုးသမီးငယ်များအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု (SGBV) သည် မွတ်ဆလင်လူနည်းစုအား "ခြိမ်းခြောက်ရန်၊ အကြမ်းဖက်ရန်နှင့် အပြစ်ပေးရန်" အတွက် စစ်ရေးပရိယာယ်တစ်ခုအနေဖြင့် ရည်ရွယ်ချက်ရှိရှိနှင့် စနစ်တကျစီစဉ်ထားသော နည်းဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အချက်အလက်ရှာဖွေရေးမစ်ရှင်က ထပ်မံတွေ့ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေးမစ်ရှင်များအတွင်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် မြန်မာစစ်တပ်၏ ရိုဟင်ဂျာလူမျိုးများကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ကို ညွှန်ပြနေကြောင်း အချက်အလက်ရှာဖွေရေးမစ်ရှင်က ကောက်ချက်ချထားသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ မှတ်သားရန် အချက်များမှာ - မြန်မာအရာရှိများနှင့် အခြားသောသူများ၏ ရိုဟင်ဂျာလူမျိုးများအပေါ် သတ်ဖြတ်ရန်နှင့် အဓမ္မပြုကျင့်ရန် ရှင်းလင်းသောပြောဆိုချက်များ၊ မျိုးပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးနှင့် အမျိုးသမီးငယ်များကိုသာ စနစ်တကျ ရွေးချယ်၍ အဓမ္မပြုကျင့်ခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်များကို တိုက်ခိုက်ခြင်း၊ ၎င်းတို့၏ မျိုးပွားအင်္ဂါများကို ဖြတ်တောက်ခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်း၊ ၎င်းတို့၏ ပါးပြင်၊ လည်ပင်း၊ ရင်သားနှင့် ပေါင်တံပေါ်တွင် ကိုက်ရာများပြုလုပ်ပြီး ရုပ်ပိုင်းဆိုင်ရာ အမှတ်သင်္ကေတများချန်ခဲ့ခြင်း၊ ကျူးလွန်ခံရသူများကို လိင်ဆက်ဆံခြင်းနှင့် ကိုယ်ဝန်မယူနိုင်လောက်သည့် အခြေအနေရောက်သည်အထိ ပြင်းပြင်းထန်ထန် ထိခိုက်နာကျင်စေခြင်းနှင့် ကျူးလွန်ခံရသူများကို ကလေးမရနိုင်တော့ပါဘူးဆိုသည့် စိုးရိမ်စိတ်ဖြင့် ချန်ထားခဲ့ခြင်း။[37]

## အဓိက တွေ့ရှိချက်များ

မြန်မာစစ်တပ်ဦးဆောင်သည့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်မှုများသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်ခြင်း အပါအဝင် ကြီးလေးသည့် ရာဇဝတ်မှုများကို ကျူးလွန်ရာရောက်ပါသည်။

ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်၍ လူမျိုးတုံးသတ်ဖြတ်မှုဟု ညွှန်းဆိုရခြင်းမှာ မြန်မာစစ်တပ်မှ ဆောင်ရွက်ခဲ့သည့် ကြမ်းကြုတ်ရက်စက်မှုများသည် ရိုဟင်ဂျာလူမျိုးတစ်ခုလုံးအား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ခဲ့သောကြောင့်ဖြစ်သည်။

အချက်အလက်ရှာဖွေရေးမစ်ရှင်က ရှင်းရှင်းလင်းလင်း အကြံပြုထားသည်မှာ မြန်မာစစ်တပ်၏ စစ်ဗိုလ်ချုပ်များကို ၎င်းတို့ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးများတွင် စစ်ဆေးပြီး အပြစ်ပေးရန်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးဆိုသည်မှာ ဘာပါလဲ။

အပြည်ပြည်ဆိုင်ရာတရားရုံးဆိုသည်မှာ ဘာပါလဲ။

အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်အခြေခံမူဆိုသည်မှာ ဘာပါလဲ။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင်ဆိုသည်မှာ ဘာပါလဲ။

# ရိုဟင်ဂျာများအတွက် အပြည်ပြည်ဆိုင်ရာတရားစီရင်မှု ရရှိနိုင် သည့်နည်းလမ်းများက ဘာတွေပါလဲ။

"ကျွန်တော့်ရဲ့နိုင်ငံကို ပြန်နိုင်ပြီး ကျူးလွန်ခဲ့တဲ့သူတွေကို နောက်ထပ် ဒီလိုပြစ်မှုမျိုး မကျူးလွန်နိုင်အောင် အပြစ်ပေးနိုင်ရင် တရားမျှတမှုရပြီလို့ ကျွန်တော် ခံစားရမှာပါ။"

အသက်ရှင်လွတ်မြောက်သူ ရိုဟင်ဂျာအမျိုးသား၊ အသက် ၂၆ နှစ်

**ရိုဟင်ဂျာများသည် ၎င်းတို့အပေါ် မြန်မာစစ်တပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုကို တောင်းဆိုနေကြပါသည်။[38]**

**သို့သော် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း ၎င်းတို့အတွက် ယုံကြည်စိတ်ချရသည့် ဥပဒေအကူအညီ မရရှိနိုင်သေးပါ။ ထို့ကြောင့် ၎င်းတို့၏ အသံကို နားထောင်ပြီး ပြန်လည်တုံ့ပြန်မှုကို ရရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများဘက်သို့ အားကိုးလာခြင်းဖြစ်သည်။**



# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ဆိုသည်မှာ ဘာပါလဲ။

ICC တရားရုံးကို ရောမသဘောတူစာချုပ်အရ ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။[39] ၎င်းသည် နယ်သာလန်နိုင်ငံ၊ သဟေ့ဂ်မြို့တွင် အခြေစိုက်သည့် အမြဲတမ်းတရားရုံးတစ်ခုဖြစ်သည်။ ၎င်း၏ အဓိကရည်မှန်းချက်မှာ နိုင်ငံတကာအသိုက်အဝန်းအား စိုးရိမ်မှုကို ဖြစ်စေသော အကြီးလေးဆုံး ရာဇဝတ်မှုများ (လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ) ကို ကျူးလွန်သူများ၏ ပြစ်ဒဏ်မှ လွတ်ကင်းနေမှုအား ကူညီအဆုံးသတ်ရန်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ၎င်းသည် သက်ဆိုင်ရာ နိုင်ငံတရားရုံးများကို အစားထိုးရန် မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံက စစ်ဆေးအပြစ်ပေးရန် မတတ်နိုင်သော သို့မဟုတ် ဆောင်ရွက်လိုခြင်းမရှိသော ပုဂ္ဂိုလ်များကိုသာ စစ်ဆေးအရေးယူရန် အခွင့်အာဏာပေးထားပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရောမသဘောတူစာချုပ်ကို လက်မှတ်ထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ ၁၂၃ နိုင်ငံတွင် ပါဝင်သောကြောင့် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အောက်တွင် အကျုံးဝင်ပါသည်။ ဆိုလိုသည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားများက ကျူးလွန်သော သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နယ်နိမိတ်အတွင်း ကျူးလွန်သော ရာဇဝတ်မှုများကို ICC တရားရုံးမှ စစ်ဆေးအရေးယူနိုင်ပါသည်။

ICC တရားရုံး၏ အစိုးရရှေ့နေရုံး (OTP) သည် ရာဇဝတ်မှုတွင် အဓိကပါဝင်ပတ်သက်သည့် စစ်တပ်အဆင့်မြင့်အရာရှိများ၊ နိုင်ငံရေးနှင့် အစိုးရအဖွဲ့ဝင်မဟုတ်သော အခြားအဖွဲ့အစည်းမှ တာဝန်ရှိသူများ၏ ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးပြီး အမှုတွဲအား ပြင်ဆင်ပါသည်။



## တရားစွဲဆိုခြင်းဆိုသည်မှာ ဘာပါလဲ။

ယေဘုယျအားဖြင့်ပြောရလျှင် တရားစွဲဆိုခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်သည် ရာဇဝတ်မှုတစ်ခုအတွက် အပြစ်ရှိကြောင်း တရားရုံးတွင် သက်သေပြရန်ကြိုးစားသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။[40] တရားလိုရှေ့နေဆိုသည်မှာ ပုံမှန်အားဖြင့် တရားရုံးများတွင် အစိုးရအတွက် လုပ်ကိုင်ပေးသည့် ရှေ့နေဖြစ်ပြီး ၎င်းသည် သံသယတရားခံအား ၎င်းကျူးလွန်ကြောင်း သံသယရှိသည့် ရာဇဝတ်မှုအတွက် အပြစ်ရှိကြောင်း သက်သေပြပြီး တရားဝင် တရားစွဲဆိုရန် တာဝန်ရှိပါသည်။



## ICC တရားရုံးရှိ အစိုးရရှေ့နေရုံး (OTP) ဆိုသည်မှာ ဘာပါလဲ။

တရားလိုရှေ့နေရုံး (OTP) ဆိုသည်မှာ တရားလိုရှေ့နေတစ်ဦးမှ ဦးဆောင်သည့် ICC တရားရုံး၏ လွတ်လပ်သောဌာနတစ်ခုဖြစ်ပြီး ၎င်းကို ရုံးအဖွဲ့များ၊ စုံစမ်းစစ်ဆေးရေးမှူးများနှင့် ခွဲခြမ်းစိတ်ဖြာသူများမှ အကူအညီပေးပါသည်။ တရားလိုရှေ့နေ၏ တာဝန်ဝတ္တရားများတွင် နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည့် အခြေအနေများအား တရားရုံး၏ တရားစီရင်ပိုင်ခွင့်အောက် ရှိ မရှိ စစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်းနှင့် အဆိုပါ ရာဇဝတ်မှုများအတွက် အများဆုံးတာဝန်ရှိသူများကို တရားစွဲဆိုခြင်းများ ပါဝင်သည်။
ICC တရားရုံးသည် နိုင်ငံတကာရာဇဝတ်မှုများအား အရေးယူရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ကမ္ဘာ့ပထမဦးဆုံး အမြဲတမ်း တရားရုံးတစ်ခုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရှေ့နေတစ်ဦးအား အဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ နိုင်ငံနယ်နိမိတ်အတွင်း သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားများမှ ကျူးလွန်နေသော သို့မဟုတ် ကျူးလွန်သည်ဟု စွပ်စွဲခံရသော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှုဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းသည် သမိုင်းတွင် ပထမဦးဆုံးဖြစ်သည်။ လက်ရှိ တရားလိုရှေ့နေမှာ ကာရင် ခန်း ကေစီ (Karim Khan KC) (ယူနိုက်တက်ကင်းဒမ်း)ဖြစ်သည်။

# ICC တရားရုံးက ဘယ်လို အလုပ်လုပ်ပါသလဲ။

တရားရေးဌာနခွဲများ -

တရားစီရင်ရေး အကြိုခုံအဖွဲ့

တရားစီရင်ရေးခုံအဖွဲ့

အယူခံ ခုံအဖွဲ့

ICC တရားစီရင်မှုဖြစ်စဉ်တွင် ပါဝင်သော ဥပဒေရေးရာ အဖွဲ့များ -



တရားလိုရှေ့နေ



တရားခံရှေ့နေများ



ကျူးလွန်ခံရသူများ၏ ရှေ့နေများ

## အဆင့်များ -

**ရာဇဝတ်မှုတစ်ခု ဖြစ်ပွားသည်**

**ကနဦး စစ်ဆေးခြင်း**

*တရားလိုရှေ့နေသည် အရေးကြီးအချက်အလက်များဖြစ်သည့် လုံလောက်သော သက်သေအထောက်အထားများ ရရှိနိုင်ခြင်း ရှိ မရှိ၊ ရာဇဝတ်မှု၏ ကြီးလေးမှုနှင့် တရားမျှတမှု စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ကနဦးစစ်ဆေးခြင်းကို ဆောင်ရွက်သည်။*

**စုံစမ်းစစ်ဆေးခြင်း**

*ကနဦးစစ်ဆေးပြီး အရေးကြီးအချက်အလက်များက ကျိုးကြောင်းခိုင်လုံကြောင်းတွေ့ရှိရပါက တရားလိုရှေ့နေသည် စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်သည်။ တရားလိုရှေ့နေသည် သက်သေအထောက်အထားများကို စုစည်းပြီး သံသယတရားခံများကို ဖော်ထုတ်သည်။*

*တရားလိုရှေ့နေသည် သက်သေအထောက်အထားများကို စုစည်းတင်ပြပြီး အကြိုတရားခွင် တရားသူကြီးများအား ဆင့်ခေါ်စာ သို့မဟုတ် ဖမ်းဆီးမိန့်တို့ ထုတ်ပြန်ပေးရန် တောင်းဆိုသည်။*

**အကြိုတရားခွင်**

*သံသယတရားခံအား ဖမ်းဆီးပြီး ICC အချုပ်ထောင်၌ ထားရှိပြီးနောက် ကနဦးကြားနာမှုကို ဆောင်ရွက်သည်။ ထိုသို့ ကြားနာမှုဆောင်ရွက်စဉ် အကြိုတရားခွင် တရားသူကြီးများက သံသယတရားခံ၏ အချက်အလက်များအား စစ်ဆေးအတည်ပြုခြင်းနှင့် ၎င်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုများအား ၎င်းတို့ နားလည်ကြောင်း သေချာစေရန် ဆောင်ရွက်သည်။ ၎င်းနောက် ပြစ်မှုအတည်ပြုကြားနာခြင်း (Confirmation of Charges hearing) ကိုဆက်လက် ဆောင်ရွက်ပြီး တရားလိုရှေ့နေ၊ တရားခံရှေ့နေနှင့် ကျူးလွန်ခံရသူများဘက်မှ ရှေ့နေတို့က လျှောက်လဲချက်ပေးကြသည်။ ထို့နောက် တရားသူကြီးများသည် စစ်ဆေးစီရင်ခြင်း မဆောင်ရွက်မီ သက်သေအထောက်အထားများသည် ခိုင်မာလုံလောက်မှု ရှိ မရှိ ဆုံးဖြတ်သည်။*

(ICC တရားရုံးသည် သံသယတရားခံများအား တရားရုံးသို့ ဖမ်းဆီးလွှဲပြောင်းပေးရန် နိုင်ငံများအပေါ် မှီခိုအားထားရသည်။)

**စစ်ဆေးစီရင်ခြင်း**

*စွပ်စွဲခံရသူသည် ကျိုးကြောင်းခိုင်လုံသော သံသယထက်ကျော်လွန်ပြီး အပြစ်ရှိကြောင်း တရားလိုရှေ့နေမှ သက်သေပြရသည်။*

*တရားသူကြီး သုံးယောက်ပါ တရားရုံးက တင်ပြလာသည့် သက်သေအထောက်အထားများကို စဉ်းစားဆင်ခြင်ပြီးနောက် တရားစွဲဆိုခြင်းသည် စွပ်စွဲခံရသူတွင် အပြစ်ရှိကြောင်း သက်သေပြနိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်သည်။ လူတစ်ယောက်တွင် အပြစ်ရှိကြောင်း တွေ့ရှိရပါက တရားရုံးသည် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် လျော်ကြေးပေးရန် ဆုံးဖြတ်ချက်ချခြင်းတို့ကို ဆောင်ရွက်သည်။*

(တရားစီရင်ရေးခုံအဖွဲ့သည် လူတစ်ယောက်ကို နှစ် ၃၀ အထိ ထောင်ဒဏ်နှင့် အချို့သော အခြေအနေများတွင် တစ်သက်တစ်ကျွန်း ထောင်ဒဏ်အထိ ချမှတ်အပြစ်ပေးနိုင်သည်။
သေဒဏ်အပြစ်ပေးခြင်းကို ခွင့်မပြုပါ။)

**အယူခံဝင်ခြင်း**

*တရားလိုနှင့် တရားခံ နှစ်ဘက်လုံးသည် တရားရုံး၏ ဆုံးဖြတ်ချက် (အပြစ်ရှိကြောင်း သို့မဟုတ် အပြစ်မရှိကြောင်း ဆုံးဖြတ်ချက်)နှင့် ပြစ်ဒဏ်အပေါ် အယူခံဝင်နိုင်သည်။ အယူခံတရားရုံးသည် အယူခံအား ခွင့်ပြု သို့မဟုတ် ပယ်ချကြောင်း ဆုံးဖြတ်ပြီး နောက်ဆုံးတွင် အပြစ်ရှိကြောင်း စီရင်ချက် သို့မဟုတ် ကွင်းလုံးကျွတ်လွတ်ကြောင်း စီရင်ချက်ကို ဆက်လက်အတည်ပြုရန်၊ ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ဆုံးဖြတ်သည်။ အကယ်၍ အယူခံတရားရုံးက တရားရုံး (Trial Chamber) ရှေ့မှောက်တွင် ပြန်လည်တရားစီရင်ရန် အမိန့်မချမှတ်ပါက ၎င်းသည် နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်သည်။*

## ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံး၏ ပါဝင်ပတ်သက်မှုက ဘာပါလဲ။

မြန်မာနိုင်ငံသည် ရောမသဘောတူစာချုပ်ကို လက်မှတ်ထိုးမထားပါ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ဖြစ်ပွားသည့် ရောမသဘောတူစာချုပ်ပါ ပြစ်မှုများအား အစိုးရရှေ့နေရုံး (OTP) က စုံစမ်းစစ်ဆေးမှု မပြုနိုင်ပါ။

၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည် ICC ၏ အကြိုတရားခွင်[41] တွင် တရားရုံးအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (၂၀၁၀ ခုနှစ် မတ်လ ၂၃ ရက်နေ့ကတည်းက ရောမသဘာတူစာချုပ် အဖွဲ့ဝင်ဖြစ်သည်) ၏ နယ်နိမိတ်အတွင်း ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကိုသာ တရားစီရင်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်အား ဖြတ်ကျော်ပြီး ဖြစ်ပွားခဲ့သည့် နိုင်ငံမှ နှင်ထုတ်ခြင်း ရာဇဝတ်မှုသည် ဘင်္လားဒေ့ရှ်နိုင်ငံ နယ်နိမိတ်အတွင်းဖြစ်ပွားခဲ့သဖြင့် စီရင်ပိုင်ခွင့်ရှိသည်။[42] နိုင်ငံမှ နှင်ထုတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော လူသားမဆန်သည့် ကျူးလွန်မှုများ (အထူးသဖြင့် ရိုဟင်ဂျာတို့၏ မြန်မာနိုင်ငံသို့ ပြန်လာရန်အခွင့်အရေးအား ချိုးဖောက်ခြင်း) အပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခွင့်ပြုရန် ၂၀၁၉ ခုနှစ်တွင် OTP ရုံး၏ လျှောက်ထားမှုအား ICC တရားရုံးက ခွင့်ပြုခဲ့သည်။[43]

## ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံးသည် ၎င်း၏ စုံစမ်းစစ်ဆေးမှုနယ်ပယ်ကို ချဲ့ထွင်နိုင်ပါသလား။

၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ပြည်ပရောက် မြန်မာအစိုးရဖြစ်သည့်အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က [44] ICC ၏ တရားစီရင်ပိုင်ခွင့်ကို မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအားလုံးအတွက် လွှမ်းခြုံရန် တောင်းဆိုခဲ့သည်။ [45] သို့သော် ရောမသဘောတူစာချုပ်အဖွဲ့ဝင် မဖြစ်သေးသည့် နိုင်ငံတစ်နိုင်ငံအတွက် တိုင်းပြည်ကို ထိရောက်စွာ ထိန်းချုပ်ထားနိုင်သည့် အစိုးရတစ်ရပ်ကသာ ICC ကို ယင်းကဲ့သို့ တောင်းဆိုနိုင်သည်။ NUG အစိုးရအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် လက်ခံအသိအမှတ်ပြုပြီး ရိုဟင်ဂျာများက ထောက်ခံသော ၎င်း၏ ကြေငြာချက်ကို အသိအမှတ်ပြုခြင်းက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုများနှင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် လက်ရှိ စုံစမ်းစစ်ဆေးမှုကို လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုအဖြစ် ပြောင်းလဲစဉ်းစားနိုင်ရန် ICC ကို ခွင့်ပြုပေးနိုင်ပါသည်။

## ရိုဟင်ဂျာအရေးကိစ္စတွင် ICC တရားရုံး၏ ယနေ့အထိ လုပ်ငန်းစဉ်က ဘာပါလဲ။

**၂၀၁၈**

**ဧပြီ**

ရိုဟင်ဂျင်များကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်ခဲ့ကြောင်း စွပ်စွဲမှုအပေါ် တရားစီရင်ပိုင်ခွင့် ရှိ မရှိ တရားစီရင်ရေးအကြိုခုံအဖွဲ့က ဆုံးဖြတ်ပေးရန် တရားလိုရှေ့နေက တောင်းဆိုခဲ့သည်။

**စက်တင်ဘာ**

ရာဇဝတ်မှုတစ်ခု၏ ဖြစ်စဉ်တစ်ခု သို့မဟုတ် ၎င်း၏ တစိတ်တပိုင်းသည် ရောမသဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း (ယခုဖြစ်စဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ) ဖြစ်ပွားခဲ့ပါက ICC အနေဖြင့် တရားစီရင်ပိုင်ခွင့်ရှိကြောင်း တရားစီရင်ရေးအကြိုခုံအဖွဲ့က တွေ့ရှိခဲ့သည်။

**၂၀၁၉**

**ဇူလိုင်**

ကနဦးစစ်ဆေးမှု ဆောင်ရွက်ပြီးနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ စတင်သည့် ကာလအတွက် ဘင်္ဂလားဒေ့ရှ်/မြန်မာနိုင်ငံအတွင်းရှိ အခြေအနေအား စုံစမ်းစစ်ဆေးပိုင်ခွင့်ကို တရားလိုရှေ့နေက တောင်းဆိုခဲ့သည်။

**နိုဝင်ဘာ**

ICC သည် တရားလိုရှေ့နေအား အောက်ပါအခြေအနေများတွင် ၎င်း၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ မည်သည့် ရာဇဝတ်မှုကိုမဆို စုံစမ်းစစ်ဆေးရန် အခွင့်အာဏာ ပေးနိုင်သည် - (၁) ကျူးလွန်မှုတစ်ခုသည် အနည်းဆုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်နိမိတ်အတွင်း (သို့မဟုတ် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အား လက်ခံသည့် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း) ကျူးလွန်ခဲ့ကြောင်း သံသယရှိလျှင် နှင့် (၂) ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ရောမသဘောတူစာချုပ် အဖွဲ့ဝင်ဖြစ်သည့် ၂၀၁၀ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် သို့မဟုတ် ၎င်းနောက်ပိုင်းတွင် ရာဇဝတ်မှုအား ကျူးလွန်ကြောင်း သံသယရှိခဲ့လျှင်။

**၂၀၂၀-၂၂**

OTP ရုံးသည် မြန်မာနိုင်ငံရှိ ပြစ်မှုကျူးလွန်သူများအပေါ် အမှုတွဲတည်ဆောက်ရန် သက်သေအထောက်အထားများအား ဆက်လက်စုဆောင်းနေပါသည်။

# နောက်ပိုင်း ဘာဆက်ဖြစ်ပါဦး မလဲ။

**OTP ရုံးသည် ၎င်း၏ စုံစမ်းစစ်ဆေးမှု၏ တစိတ်တပိုင်းအနေဖြင့် သက်သေအထောက်အထားများအား လက်ရှိစုဆောင်းနေပါသည်။ ၎င်းသည် မျက်မြင်သက်သေများအား အင်တာဗျူးပြုလုပ်ပြီး ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူ သို့မဟုတ် လူများအား အရေးယူနိုင်ရေး အမှုတွဲတည်ဆောက်ရန် ကြိုးစားနေသည်။ ၎င်းသည် နှစ်များစွာ ကြာကောင်း ကြာနိုင်ပါသည်။ လုံလောက်သည့် သက်သေအထောက်အထားများအား စုဆောင်းပြီးနောက် OTP ရုံးသည် တရားရုံးအား သံသယတရားခံကို ဆင့်ခေါ်စာ ထုတ်ပြန်ပေးရန် သို့မဟုတ် ဖမ်းဝရမ်းထုတ်ပေးရန် တောင်းဆိုပါမည်။ ICC တွင် အမြဲတမ်းရဲတပ်ဖွဲ့ မရှိသောကြောင့် သံသယတရားခံအား ဖမ်းဆီးလွှဲပြောင်းပေးရန်မှာ အဖွဲ့ဝင်နိုင်ငံများအပေါ်တွင် မူတည်နေပါသည်။**

## ထိခိုက်ခံစားရသူများသည် ICC ၌ တရာစွဲဆိုမှုတွင် မည်သို့ ပါဝင်နိုင်ပါသလဲ။

ဤလမ်းညွှန်တွင် ထိခိုက်ခံစားရသူများဆိုသည်မှာ ကလေးသူငယ်များ၊ မသန်စွမ်းသူများ သို့မဟုတ် သက်ကြီးရွယ်အိုများ အပါအဝင် နိုင်ငံတကာရာဇဝတ်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ဆိုလိုသည်။ သတ်ဖြတ်ခံရသူတစ်ယောက်၏ မိသားစုဝင်ကဲ့သို့ အခြားတစ်ယောက်အား ပစ်မှတ်ထား ကျူးလွန်သည့် ရာဇဝတ်မှုတစ်ခုကြောင့် ထိခိုက်နာကျင်မှုကို ခံစားရသူတစ်ယောက်ကိုလည်း ထိခိုက်ခံစားရသူဟု ခေါ်ဆိုနိုင်သည်။

ထိခိုက်ခံစားရသူများသည် ICC တရားရုံးတွင်း တရားစွဲဆိုမှုအဆင့်တိုင်းတွင် စောင့်ကြည့်လေ့လာခွင့်နှင့် တောင်းဆိုမှုများ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ရိုဟင်ဂျာအမှုတွဲတွင် OTP ရုံး၏ ဘင်္ဂလားဒေ့ရှ်/မြန်မာနိုင်ငံအတွင်း စုံစမ်းစစ်ဆေးရန်နှင့် တရားစီရင်ပိုင်ခွင့် တောင်းဆိုချက်အား အထောက်အပံ့ဖြစ်စေရန် အဆင့်တိုင်းတွင် ထိခိုက်ခံစားရသူ တင်သွင်းမှုများအား အမှုတွဲပြင်ဆင်တင်ပြခဲ့သည်။

အကယ်၍ တရားစွဲဆိုမှုအား ပြစ်မှုထင်ရှားကြောင်း စီရင်ခဲ့ပါက ထိခိုက်ခံစားခဲ့ရသူများသည် လျော်ကြေး တောင်းဆိုပိုင်ခွင့်ရှိသည်။ လျော်ကြေးပေးရန် အမိန့်ချမှတ်ရာတွင် လူတစ်ဦးချင်းစီ သို့မဟုတ် စုပေါင်းပြီး (ထိခိုက်ခံစားရသူအုပ်စုများအား စုပေါင်း ထောက်ပံ့သည်) ပေးအပ်ရန်နှင့် ငွေကြေးပေးလျော်ခြင်းနှင့် ဆေးကုသပေးခြင်း သို့မဟုတ် ပညာရေးထောက်ပံ့ခြင်းကဲ့သို့ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ပေးအပ်ရန် အမိန့်ချနိုင်သည်။ ထိခိုက်ခံစားရသူများအတွက် လွတ်လပ်သော Trust Fund ရန်ပုံငွေသည် ပြစ်မှုထင်ရှားကြောင်း စီရင်ချက်ချခံရသူမှ လျော်ကြေးပေးရန် ICC ၏ အမိန့်အား အကောင်အထည်ဖော်ရန် ကူညီပေးနိုင်သည။ Trust Fund ရန်ပုံငွေသည် နိုင်ငံများနှင့် အခြားအရင်းအမြစ်များမှ လှူဒါန်းသည့် ငွေများကို ထိခိုက်ခံစားရသူများ၏ အကျိုးအတွက် ဆောင်ရွက်သော စီမံကိန်းများကို ရန်ပုံငွေကြေး ထောက်ပံ့ရာတွင် အသုံးပြုနိုင်သည်။

**ထိခိုက်ခံစားရသူများ ပါဝင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ပိုမို သိရှိလိုပါက နောက်ပါဝက်ဘ်ဆိုက်တွင် ရရှိနိုင်သည် - https://www.icc-cpi.int/sites/default/files/itemsDocuments/vprs/abd-al-rahman/VPRS-Victims-booklet_ENG.pdf**

# အပြည်ပြည်ဆိုင်ရာတရားရုံး

## အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ဆိုသည်မှာ ဘာပါလဲ။

အိုင်စီဂျေ (ICJ) သည် ကုလသမဂ္ဂ၏ အဓိက တရားစီရင်ရေး ယန္တရား ဖြစ်သည်။ ၎င်းသည် သဟေ့ဂ်မြို့တွင် ရုံးစိုက်ပါသည်။ ၎င်းကို ၁၉၄၅ ခုနှစ်၊ ဇွန်လတွင် တည်ထောင်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် စတင် အသက်ဝင်ခဲ့ပါသည်။ ICJ သည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ၎င်းထံ တင်ပြလာသော တရားရေးဆိုင်ရာ အငြင်းပွားမှုများအား - နိုင်ငံတကာဥပဒေအရ - ဖြေရှင်းပေးပါသည်။ နိုင်ငံများကသာ အငြင်းပွားမှုများကို ICJ ထံ တင်ပြနိုင်ပြီး ICJ အမှုတွဲတစ်ခုအတွက် ပါဝင်သူများဖြစ်နိုင်သည်။ ICJ ၏ တရားစီရင်ပိုင်ခွင့်သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် စပ်လျဉ်းသည့် မေးခွန်းများ အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဿနာ အမြောက်အများအား လွှမ်းခြုံမှုရှိပါသည်။[46]

## ရိုဟင်ဂျာအရေးကိစ္စတွင် ICJ တရားရုံးက ဘယ်လို ပါဝင်ပတ်သက်နေပါသလဲ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာကွန်ဗင်းရှင်း ('ဂျီနိုဆိုက်ကွန်ဗင်းရှင်း (Genocide Convention)') ပါ ၎င်း၏ တာဝန်ဝတ္တရားများ၊ အထူးသဖြင့် လူမျိုးတုံးသတ်ဖြတ်မှုအား တားဆီးကာကွယ်ရန် ပျက်ကွက်ခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂမ်ဘီယာနိုင်ငံက ICJ တရားရုံးသို့ တိုင်ကြားခဲ့သည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများအတွင်း မြန်မာစစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများကို လူမျိုးစုတစ်ခုလုံးအား ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာကျေးရွာများကို ဖျက်ဆီးခြင်းဖြင့် လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။[47] ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ICJ ရှေ့မှောက်ရှိ အမှုတွဲသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်အတွင်းရှိ ကျူးလွန်သူများအား စွဲဆိုသော ပြစ်မှုဆိုင်ရာအမှုတွဲတစ်ခု မဟုတ်ပါ၊ ၎င်းသည် ဂျီနိုဆိုက်ကွန်ဗင်းရှင်းပါ အဖွဲ့ဝင် နှစ်နိုင်ငံ၏ "နိုင်ငံတစ်ခုနှင့် တစ်ခုအကြား" အငြင်းပွားမှုဖြစ်သည်။ ၎င်းသည် လက်ရှိ ဆောင်ရွက်နေသည့် ICC ၏ စုံစမ်းစစ်ဆေးမှုနှင့် သီးခြားစီဖြစ်သည်။

### ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ဘာကြောင့် တရားစွဲဆိုခဲ့ပါသလဲ။

အာဖရိကတိုက်၏ အသေးငယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂမ်ဘီယာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံကို တရားစွဲဆိုရန် မမျှော်လင့်ဘဲ ဆောင်ရွက်ခဲ့သည်။ ဂမ်ဘီယာနိုင်ငံ၏ လျှောက်ထားမှုသည် တိုင်ကြားသည့် ရာဇဝတ်မှုများနှင့် တိုက်ရိုက်မသက်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံက အခြားသောနိုင်ငံ၏ နိုင်ငံသားများ ခံစားနေရသည့် လူမျိုးတုံးသတ်ဖြတ်မှု ဆောင်ရွက်ချက်များအတွက် တရားမျှတမှု ရှာဖွေရန် ICJ ၏ တရားစီရင်ပိုင်ခွင့်အား တောင်းခံသည့် ပထမဦးဆုံး ဖြစ်ရပ်ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံ၏ ICJ တရားရုံးရှေ့မှောက်၌ တရားစွဲဆိုမှုအား နိုင်ငံ ၅၇ နိုင်ငံပါဝင်သည့် အပြည်ပြည်ဆိုင်ရာ အစ္စလာမ်မစ်ပူပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)က ထောက်ခံခဲ့သည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတိုင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုအား တားဆီးကာကွယ်ရန်နှင့် ပြစ်ဒဏ်ကျခံစေရန် တာဝန်ဝတ္တရားအား လိုက်နာကြောင်း သေချာစေရန် ဘုံစိတ်ဝင်စားမှုရှိသည်။ ရိုဟင်ဂျာဒုက္ခသည် အရေအတွက် အများဆုံးကို ဝင်ရောက်လာမှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရင်ဆိုင်နေရသည် ဆိုသည့်အချက်သည် မြန်မာနိုင်ငံအနေဖြင့် တာဝန်ယူတာဝန်ခံရန် အမှုအား ဂမ်ဘီယာကဲ့သို့ အခြားနိုင်ငံတစ်နိုင်ငံက ICJ ရှေ့မှောက်ယူဆောင်မှုကို မတားဆီးနိုင်ပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံအား တရားစွဲဆိုမှုကို လူသိရှင်ကြား ထောက်ခံခဲ့သည်။ မော်ဒိုက်၊ ယူနိုက်တင်ကင်းဒမ်း၊ နယ်သာလန်၊ ကနေဒါနှင့် ဂျာမနီနိုင်ငံတို့ကလည်း ဤအမှုနှင့် ပတ်သက်၍ ရိုဟင်ဂျာများအတွက် တရားမျှတမှု ရရှိရန် ကူညီပံ့ပိုးမည်ဖြစ်ကြောင်း တရားဝင် ကြေငြာခဲ့သည်။



## ရိုဟင်ဂျာအရေးကိစ္စတွင် ICJ တရားရုံး၏ ယနေ့အထိ ဆောင်ရွက်မှုများက ဘာတွေပါလဲ။

**၂၀၁၉**

**နိုဝင်ဘာ**

ဂမ်ဘီယာနိုင်ငံသည် ICJ တွင် မြန်မာနိုင်ငံကို တရားစွဲဆိုရန် နှင့် ရိုဟင်ဂျာများကို ကာကွယ် ပေးရန်ဆောင်ရွက်မှုစီမံချက် များအတွက် တောင်းဆိုသည့် အမှုတွဲတစ်ခုဖွင့်ခဲ့သည်။

**ဒီဇင်ဘာ**

တရားရုံးသည် 'ယာယီ ဆောင်ရွက်မှုစီမံချက်များ (သို့မဟုတ်) ကြားဖြတ် အမိန့်များ'နှင့်ပတ်သက်၍ အများပြည်သူရှေ့တွင် အမှု ကို ကြားနာစစ်ဆေးခြင်း များပြုလုပ်ခဲ့သည်။

**၂၀၂၀**

**ဇန်နဝါရီ**

တရားရုံးသည် မြန်မာနိုင်ငံက ဆောင်ရွက်ရ မည့် ကြားဖြတ်အစီအမံများကို အမိန့်ချမှတ် ခဲ့သည်။ ၎င်းတို့မှာ ရိုဟင်ဂျာလူမျိုးများကို လူမျိုးတုံးသတ်ဖြတ်မှုမှ အကာအကွယ်ပေးရန်၊ ၎င်း၏စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များသည် လူမျိုးတုံးသတ်ဖြတ်မှု မကျူးလွန်ရန်၊ လူမျိုး တုံးသတ်ဖြတ်မှု အထောက်အထားများအား မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းရန်နှင့် အပြီးသတ်အမိန့် မချမချင်း ခြောက်လတစ် ကြိမ် အစီရင်ခံစာ တင်သွင်းရန်တို့ဖြစ်သည်။

**အောက်တိုဘာ**

ဂမ်ဘီယာနိုင်ငံက ၎င်း၏ "မှတ်ပုံတင် ရန် အချက်အလက်ပြည့်စုံသော စာချုပ် (memorial)" (ပြည့်စုံသော ဥပဒေဆိုင်ရာလျှောက်လဲချက်များ နှင့် သက်သေခံချက်)ကို တရားရုံးသို့ တင်သွင်းခဲ့သည်။

**၂၀၂၁**

**ဇန်နဝါရီ**

မြန်မာနိုင်ငံကို တရားစွဲသည့်အမှု နှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံ အနေဖြင့် ရပ်တည်ခွင့်ရှိမရှိ ကဲ့သို့ သောမေးခွန်းများတင်ပြကာ မြန်မာနိုင်ငံက ကနဦးကန့်ကွက် ချက်များကို တင်သွင်းခဲ့သည်။

**မေ**

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံ၏ကနဦးကန့်ကွက် ချက်များအပေါ် စောင့်ကြည့် လေ့လာချက်များကို စာဖြင့် ရေးသားတင်သွင်းခဲ့သည်။

**၂၀၂၂**

**ဖေဖော်ဝါရီ**

တရားရုံးသည် မြန်မာနိုင်ငံ မှ တင်သွင်းသည့် ကနဦး ကန့်ကွက်ချက်များနှင့် ပတ်သက်၍ အများပြည်သူရှေ့ တွင် အမှုကို ကြားနာစစ်ဆေး ခြင်းများပြုလုပ်ခဲ့သည်။

**ဇူလိုင်**

တရားရုံးသည် မြန်မာနိုင်ငံ ကို တရားစွဲသည့်အမှုနှင့် ပတ်သက်၍ ဂမ်ဘီယာ နိုင်ငံ၏ရပ်တည်ချက် ကို အတည်ပြုပေးရင်း မြန်မာနိုင်ငံမှတင်ပြထားသော ကန့်ကွက်ချက်များအားလုံးကို ပယ်ချခဲ့သည်။

## နောက်ပိုင်း ဘာဆက်ဖြစ်ပါဦးမလဲ။

**တရားရုံးက မြန်မာနိုင်ငံ၏ကန့်ကွက်ချက်များကို ယခု ပယ်ချခဲ့ပြီးသည့်အတွက် ဤအမှုသည် ယခု အငြင်းပွားမှုမရှိတော့ဘဲ ဥပဒေ၏ဆုံးဖြတ်ချက်ကို ခံယူရသည့်အဆင့်သို့ ရှေ့ဆက်တက်မည် ဖြစ်သည်။ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေ ရေးဆိုင်ရာ သဘောတူညီချက်ပါ ၎င်း၏တာဝန်ဝတ္တရားများကို ဖောက်ဖျက်ခဲ့ကြောင်း လျှောက်လဲ ထားသည့် ဂမ်ဘီယာနိုင်ငံ၏ အောက်တိုဘာလ ၂၀၂၀ ခုနှစ် တင်သွင်းချက်ကို ချေပရန် မြန်မာနိုင်ငံ သည် ၎င်း၏တုံ့ပြန်ချက်ကို ဩဂုတ်လ ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။ ဩဂုတ်လ ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင် လိုအပ်ပါက တရားရုံးသည် နောက်ထပ်သတင်းအချက်အလက် များကို အမှုသည်များထံမှ တောင်းဆိုနိုင်သည်။ ထို့နောက်တွင် အမှု၏ထိုက်သင့်ရာကို နှုတ်ဖြင့်ကြားနာ ခြင်းများ ပြုလုပ်မည်ဖြစ်သည်။**

# မီးမောင်းထိုးပြလိုသည့်အချက်

## ICJ တရားရုံးသည် ဂျီနိုဆိုက်ကွန်ဗင်းရှင်း ချိုးဖောက်မှုအား ယခင်က တရားစီရင်ဖူးပါသလား။

### ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံ နှင့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ

၁၉၉၃ ခုနှစ်၊ မတ်လ ၂၀ ရက် တွင် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားသမ္မတနိုင်ငံသည် ယူဂိုစလားဗီးယားဖက်ဒရယ်သမ္မတနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုတားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာသဘောတူညီချက်ပါအချက်များကို ချိုးဖောက်မှုများ စွပ်စွဲချက်နှင့်ပတ်သက်၍ အငြင်းပွားမှုတခုအတွက်ကြောင့် ICJ တွင် တရားစွဲဆိုမှုကို စတင်ခဲ့သည်။ အထူးသဖြင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားသည် ဆားဗီးယားနိုင်ငံက ဘော့စနီးယားမွတ်စလင်များအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခြင်းဖြင့် သဘောတူညီချက်ပါအချက်များကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့သည်။ [49]

ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံ နှင့် ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံသည် အထင်ကရအမှုတစ်ခုဖြစ်သည်။ ၁၉၉၅ တွင် ဆရယ်ဘရယ်နိရှာ၌ ဘော့စနီးယားမွတ်စလင် ၈,၀၀၀ ခန့်ကို အစုလိုက်အပြုံလိုက်သတ်ခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်သည်ဟု တွေ့ရှိ၍ ဤဖြစ်ရပ်သည် ဆားဗီးယားနိုင်ငံ၏ နိုင်ငံတော်တာဝန်ကို မေးခွန်းထုတ်စရာအဖြစ် ယူဆထားသောကြောင့် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)သည် လူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်၍ ပထမဆုံးအကြိမ် စီရင်ချက်ချခဲ့သည်။ လူတစ်ဦးတစ်ယောက်ချင်းစီသာမက နိုင်ငံတစ်နိုင်ငံသည်ပင် လူမျိုးတုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်ကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်ရန် တိုက်ရိုက်နှင့် လူထုကို လှုံ့ဆော်မှုရှိကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်ရန် ကြိုးစားကြောင်း သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်ရာတွင် ကြံရာပါကြောင်းတို့ကို တွေ့ရှိနိုင်ကြောင်းကိုလည်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က စီရင်ချက်ချခဲ့သည်။[50]

သို့သော်လည်း တရားရုံးသည် ၁၅ နှစ်နီးပါးကြာပြီးနောက် ၂၀၀၇ ခုနှစ်တွင်မှသာ ဆုံးဖြတ်ချက်တစ်ခုကို ချ၍ ရခဲ့သည့်အပြင် ဒုက္ခသည်များအတွက် ဆက်တိုက်ထောက်ပံ့ကာ အဆက်အသွယ်လုပ်ရန် လိုအပ်ချက်တို့ကြောင့် လူမျိုးတုံးသတ်ဖြတ်မှုအမှုတစ်ခုကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့မှောက် ဆောင်ယူရန်မှာ အချိန်ကာလရှည်ကြာသည့် လုပ်ငန်းစဉ်လည်းဖြစ်ကြောင်းကို အမှုက ထင်ရှားစေပါသည်။ ဘော့စနီးယားမွတ်စလင်များကို လူမျိုးတုံးသတ်ဖြတ်မှုအပေါ် တရားဝင်အသိအမှတ်ပြုသော်လည်း လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန်အတွက် ၎င်း၏တာဝန်ဝတ္တရားကိုလိုက်နာရန် ဆားဘီးယားဘက်မှ ပျက်ကွက်ခဲ့ခြင်းနှင့် ဆရယ်ဘရယ်နိရှာတွင် လူပေါင်း ၇,၀၀၀ သေဆုံးခြင်းအကြားတွင် ကြောင်းကျိုးဆက်နွှယ်သောဆက်စပ်မှု မရှိသည့်အပေါ်မူတည်၍ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားသို့ မည်သည့်ငွေကြေးဆိုင်ရာ နစ်နာကြေးတစ်စုံတစ်ရာရရှိရန် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှ ခွင့်မပြုပေးခဲ့သည်က မှတ်သားဖွယ်ဖြစ်သည်။

## မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှ အမိန့်ချမှတ်လိုက်ပါက ဖြစ်လာနိုင်သည့် ရလဒ်များက ဘာတွေပါလဲ။

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံက အောက်ပါတို့ကို တရားဝင်ကြေညာရမည်ဖြစ်ကြောင်း ICJ သို့ တောင်းဆိုခဲ့သည် - (၁) လက်ရှိဖြစ်ပေါ်နေသည့် လူမျိုးတုံးသတ်ဖြတ်မှုလုပ်ရပ်များကို ရပ်တန့်ပြီး လူမျိုးတုံးသတ်ဖြတ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေရေးဆိုင်ရာ သဘောတူညီချက်အောက်ရှိ ၎င်း၏တာဝန်ဝတ္တရားများကို အပြည့်အဝ လေးစားရန်၊ (၂) သင့်လျော်သည့်ခုံရုံးရှေ့မှောက်တွင် လူမျိုးတုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိသူများကို ဝန်ခံစေပြီး သူတို့၏လုပ်ရပ်များအတွက် တာဝန်ခံကြောင်း သေချာစေရန်၊ နှင့် (၃) အတင်းအဓမ္မ နေရာပြောင်းရွှေ့ခြင်းခံရသူများကို "နေရပ်သို့ လုံခြုံစွာနှင့် ဂုဏ်သရေရှိရှိ ပြန်ခွင့်ပေးရန်" နှင့် "သူတို့၏ အပြည့်အဝနိုင်ငံသားဖြစ်ခွင့်နှင့် လူ့အခွင့်အရေးတို့ကို လေးစားရန်နှင့် လူမျိုးရေးခွဲခြားခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားဆက်စပ်လုပ်ရပ်များမှ ကာကွယ်ပေးရန်"တို့ အပါအဝင် လူမျိုးတုံးသတ်ဖြတ်မှုလုပ်ရပ်များမှ ရိုဟင်ဂျာဒုက္ခသည်များကို အစားလျော်ပေးရန်။ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေရေးဆိုင်ရာ သဘောတူညီချက်ပါအချက်များ ချိုးဖောက်ခြင်းကို ထပ်မကျူးလွန်တော့ကြောင်း သေချာစေရန်အာမခံချက်များနှင့် ကတိပြုအာမခံချက်များ ပေးရန်ကိုလည်း ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားသေးသည်။[48]

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ICJ ၏ အမိန့်ချမှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး လေးစားလိုက်နာခြင်းမရှိပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် သင့်လျော်သည့် အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်နိုင်သည်။

# နိုင်ငံရပ်ခြားရှိ ပြည်တွင်းတရားရုံးများက ရိုဟင်ဂျာများ၏အခြေအနေကို စစ်ဆေးနိုင်သလား။

**စစ်ဆေးနိုင်သည်။ နိုင်ငံတကာဥပဒေအောက်တွင် ပြုစုထားသည့် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်/နိုင်ငံတစ်နိုင်ငံ၏ ဥပဒေစီရင်ပိုင်ခွင့် နယ်နိမိတ်ပြင်ပတွင်ရှိသော တရားစီရင်ပိုင်ခွင့်စည်းမျဉ်းများအပေါ် အခြေခံသည့် ရိုဟင်ဂျာများအပေါ် တရားမျှတမှုအတွက် လမ်းကြောင်းတစ်ခု ပေးအပ်ရန် နိုင်ငံရပ်ခြားရှိ ပြည်တွင်းတရားရုံးများက တတ်နိုင်သလား။**

## အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်

### အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် (UJ) ဆိုသည်မှာ ဘာပါလဲ။

UJ ဆိုသည်မှာ အချို့အခြေအနေများတွင် ပြည်တွင်းတရားရုံးတစ်ခုသည် ပြစ်မှုများ ကျူးလွန်ခဲ့သည့်နေရာ သို့မဟုတ် သားကောင်/ခံရသူ သို့မဟုတ် တရားခံ၏နိုင်ငံသား ဟူ၍ မရွေးဘဲ၊ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောပြစ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းမှု ကဲ့သို့သော ပြင်းထန်သည့်ပြစ်မှုများအတွက် နိုင်ငံတကာဥပဒေအောက်တွင် လူတစ်ဦးတစ်ယောက်ချင်းတို့ကို တရားစွဲဆိုနိုင်သည့်စည်းမျဉ်းကို ရည်ညွှန်းသည်။

UJ အတွက် အခြေခံအကြောင်းမှာ အချို့ပြစ်မှုများသည် သဘာဝအားဖြင့် အလွန်ပြင်းထန်သည့်အတွက်ကြောင့် နိုင်ငံတကာလူ့အသိုက်အဝန်း သို့မဟုတ် နိုင်ငံတကာဖွဲ့စည်းပုံစနစ်တို့အား ~~ဖာသာ~~ ထိခိုက်စေသည်။ ထို့ကြောင့် ယင်းတို့ဖြစ်ပွားရာက မည်သည့်နေရာဖြစ်စေ၊ ကျူးလွန်သူများက မည်သူဖြစ်စေ သို့မဟုတ် ခံရသူများက မည်သူဖြစ်စေ ကာကွယ်ပေးရမည့်တာဝန်တစ်ရပ်သည် နိုင်ငံတစ်နိုင်ငံချင်းစီတွင် ရှိသည်ဟူ၍ ဖြစ်သည်။

### ပြင်းထန်သောအပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်သူများအား အရေးယူရန် နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရန် တရားဥပဒေဆိုင်ရာ တာဝန်ဝတ္တရားရှိပါသလား။

မရှိပါ၊ နိုင်ငံတကာပြစ်မှုများနှင့် ထိုပြစ်မှုများကို တရားစွဲဆိုနိုင်ရန် တာဝန်ဝတ္တရားများကို ပြည်တွင်းဥပဒေအတွင်း ထည့်သွင်းပေါင်းစပ်ထားသည့် ဥပဒေတစ်ရပ် ဖြစ်မြောက်စေအောင် အတည်ပြုခဲ့ပြီးသည်မှလွဲ၍ နိုင်ငံများတွင် မည်သည့်ဥပဒေရေးရာ တာဝန်ဝတ္တရားမျှ မရှိပါ။ ထိုကဲ့သို့ "အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်" ဟူသည့် ဝေါဟာရအသုံးအနှုန်းသည် တာဝန်ဝတ္တရားတစ်ခုမဟုတ်သော်လည်း ဤနိုင်ငံတကာပြစ်မှုများကို တရားစွဲဆိုရန် အခွင့်အရေးဟု ဆိုလိုသည်။[51]

### UJ အမှုတစ်ခုကို စတင်ရန်အတွက် စွပ်စွဲခံရသူသည် နိုင်ငံအတွင်း၌ ရှိနေရန် လိုအပ်ပါသလား။

တရားခံများ သို့မဟုတ် ဒုက္ခသည်များသည် နိုင်ငံ၏နယ်နိမိတ်အတွင်း လူကိုယ်တိုင် ရှိမနေလျှင်တောင်မှ ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများ/စွဲချက်တင်မှုများကို စတင်ရန် ဂျာမဏီနိုင်ငံကဲ့သို့ နိုင်ငံအနည်းငယ်၏ ပြည်တွင်းဥပဒေများတွင် UJ ကို သုံးခွင့်ပေးသည်။ ဤကဲ့သို့သော စည်းမျဉ်းကို သုံးသည်မှာ ရှားပါးသည်။

စွပ်စွဲခံရသူသည် တရားစွဲဆိုသည့်နိုင်ငံ၏နယ်နိမိတ်တွင် လူကိုယ်တိုင် ရှိနေသောအခါမှ UJ အမှုများကို စတင်ခြင်း အဖြစ်များသည်။ ဥပမာအနေဖြင့် ဇွန်လ ၂၀၂၁ ခုနှစ်တွင် ဆွစ်တရားရုံးများသည် အောင်မြင်သည့် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်အရ အမှုစစ်ရာတွင် ယခင် လိုက်ဘေးရီးယားလူမျိုးစစ်ဘုရင် အာလီယူကိုဆီအာ (Alieu Kosiah) ကို ပထမ လိုက်ဘေးရီးယားပြည်တွင်းစစ်အတွင်း လူသတ်ရန်အမိန့်ပေးခြင်း၊ အရပ်သားများကို နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မုဒိမ်းကျင့်ခြင်းအပါအဝင် စစ်ရာဇဝတ်မှုများအတွက် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။[52] Kosiah သည် ၁၉၉၉ ခုနှစ်ကတည်းကစ၍ သူအဖမ်းခံရချိန် ၂၀၁၄ ခုနှစ်အထိ ဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်လျက်ရှိခဲ့သည်။[53]

### ရိုဟင်ဂျာများအပေါ် နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူများအား တရားမျှတမှု ယူဆောင်လာပေးရန် UJ ကို မည်သည့်နိုင်ငံက အသုံးပြုခဲ့ပါသလဲ။

**အာဂျင်တီးနား**

အာဂျင်တီးနားနိုင်ငံသည် UJ စည်းမျဉ်းအရ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှုအတွက် တရားရုံးများတွင် စုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်ပေးသည့် ပထမဆုံးနိုင်ငံဖြစ်သည်။

နိုဝင်ဘာလ ၂၀၁၉ ခုနှစ်တွင် မြန်မာ-ရိုဟင်ဂျာအသင်း ယူကေ (BROUK)သည္ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောပြစ်မှုများအတွက် မြန်မာနိုင်ငံ၏အရပ်သားနှင့် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များ၏အခန်းကဏ္ဍကို စုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်ပေးရန် အာဂျင်တီးနားနိုင်ငံတရားရုံးများကို တောင်းဆိုသည့် အသနားခံလွှာတစ်ခုကို တင်ခဲ့သည်။ လက်ရှိတွင် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ရာဇဝတ်မှုများ ကျူးလွန်ခံရသည့် ရိုဟင်ဂျာဒုက္ခသည်များသည် အာဂျင်တီးနား ပြစ်မှုဆိုင်ရာတရားရုံးများသို့ သက်သေခံချက် ပေးခြင်းဖြင့် စုံစမ်းစစ်ဆေးရာတွင် ကူညီပေးရန် မျှော်လင့်ထားသည်။[54]

### ရိုဟင်ဂျာလူမျိုးများအပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများအား တရားစီရင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို စတင်နိုင်မည့် နိုင်ငံများ အာဆီယံ (ASEAN) ဒေသအတွင်း ရှိပါသလား။

**အင်ဒိုနီးရှား**

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်တွင်းလူ့အခွင့်အရေးဥပဒေတစ်ခုအပေါ် သုံးသပ်ချက်တစ်ခုရရှိရန် အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် အသနားခံလွှာတစ်ခုကို တင်သွင်းခဲ့သည်။ အသနားခံလွှာကို လက်ခံခဲ့ပါက၊ နှင့် နိုင်ငံသားမဟုတ်သူများနှင့်ပတ်သက်သည့် အမှုတစ်ခုကို တင်ခွင့်ပေးရန် ပြည်တွင်းဥပဒေကို ပြင်ဆင်ခဲ့ပါက အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ခွင့်ပြုပေးမည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အခြေခံမှုကို သဘောတူလက်ခံသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ ပထမဆုံးနိုင်ငံဖြစ်လာရန် အလားအလာရှိသည်။[55]

"ကျွန်တော့်ရဲ့အဖိုးအဖွားတွေဟာ ၁၉၉၀ ခုနှစ်တွေမှာ မြန်မာပြည်ကနေ ထွက်ပြေးဖို့ ဖိအားပေးခံခဲ့ရပြီး ကျွန်တော့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက စခန်းတွေမှာ ဒုက္ခသည်တစ်ယောက်အနေနဲ့ မွေးဖွားခဲ့တယ်။ ကျွန်တော်တို့ကို ၂၀၀၀ ခုနှစ်တွေမှာ ပြန်ပို့ခဲ့ကြတယ်။ ၂၀၁၇ ခုနှစ်မှာ ဒုက္ခသည်ပြန်ဖြစ်ခဲ့ပြီး အရင်ကနေခဲ့တဲ့ ဒုက္ခသည်စခန်းဆီကို ပြန်ပြေးခဲ့ရတယ်။ ဒီအဖြစ်အပျက်မျိုး ဘယ်နှစ်ကြိမ်လောက် ဆက်ဖြစ်နေဦးမှာလဲ။"

**အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာ အမျိုးသား၊ ၃၅ နှစ်**

"သြဇာရှိတဲ့သူတွေက ကျွန်မတို့ရဲ့အသံတွေကို အိုင်စီစီ (ICC) နဲ့ အိုင်စီဂျေ (ICJ) ဆီကို ရောက်အောင် ပို့ပေးနိုင်တယ်။ ကျွန်မတို့ထဲမှာလည်း ပညာတတ်တဲ့သူတွေ ရှိပါတယ်။ အခွင့်အရေးရခဲ့ပြီး ခရီးသွားဖို့ ကုန်ကျစရိတ် တတ်နိုင်ခဲ့ရင် တရားရုံးရှေ့မှောက်မှာ ကျွန်မတို့ရဲ့လိုလားချက်တွေကို လူကိုယ်တိုင် တောင်းဆိုဖို့ တရားရုံးကို ကျွန်မကိုယ်တိုင် တက်ရောက်ချင်ပါတယ်။"

**အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာ အမျိုးသမီး၊ ၁၇ နှစ်**

## နိုင်ငံတစ်နိုင်ငံ၏ ဥပဒေစီရင်ပိုင်ခွင့်နယ်နိမိတ် ပြင်ပတွင်ရှိသော တရားစီရင်ပိုင်ခွင့်

### နိုင်ငံတစ်နိုင်ငံ၏ ဥပဒေစီရင်ပိုင်ခွင့်နယ်နိမိတ် ပြင်ပတွင်ရှိသော တရားစီရင်ပိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း။ အီးဂျေ (EJ)

EJ သည် UJ နှင့်မတူဘဲ၊ ပြစ်မှုသည် ၎င်း၏နယ်နိမိတ်ပြင်ပတွင် ဖြစ်ပွားသော်လည်း တရားစွဲဆိုသည့်နိုင်ငံနှင့် ပြစ်မှုအကြားတွင် ကွင်းဆက်တစ်ခုရှိသောအခါ အမျိုးသားတရားရုံးများသည် EJ ကို သုံးသည်။ ဥပမာ - တရားခံတစ်ဦးသည် တရားစွဲဆိုသည့်နိုင်ငံ၏ နိုင်ငံသားတစ်ဦး ဖြစ်နေသော်လည်း သူ/သူမသည် နိုင်ငံရပ်ခြားတွင် ပြစ်မှုကိုကျူးလွန်ခဲ့ပါက သို့မဟုတ် တရားစွဲဆိုသည့်နိုင်ငံတစ်ခု၏ ကော်ပိုရိတ်အဖွဲ့အစည်းက ၎င်း၏စီးပွားရေးဆိုင်ရာ လုပ်ရှားမှုများကို တိုင်းတပါး၌ လုပ်ချိန်တွင် လုပ်ရှားမှုများက နိုင်ငံတကာဥပဒေကို ချိုးဖောက်ခဲ့သည့်အခါ EJ ကို သုံးနိုင်သည်။

# မီးမောင်းထိုးပြလိုသည့်အချက်

## လူမျိုးတုံးသတ်ဖြတ်ခြင်းကို ရင်ဆိုင်ရသော အခြားလူ့အသိုင်းအဝိုင်းများသည် တရားမျှတမှုကို မည်သို့ရှာဖွေကြသနည်း။

အတိတ်၌ လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောပြစ်မှုများကို ခံရသောလူ့အဖွဲ့အစည်းများသည် တရားမျှတမှု၊ အမှန်တရားနှင့် ဒုက္ခသည်များအတွက် အစားလျော်ပေးရန်နှင့် [illegible]ကျူးလွန်သူများ တာဝန်ခံရစေရန် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးလမ်းကြောင်းအမျိုးမျိုးကို လိုက်လံရှာဖွေခဲ့သည်။ ဤလမ်းကြောင်းများတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထူထောင်ပေးထားသော အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးများ၊ ~~နိုင်ငံခြားသားများအတွက်~~ တရားရုံးများရှိ UJ/EJ အမှုများ၊ သို့မဟုတ် ပဋိပက္ခနောက်ပိုင်းအခြေအနေများတွင် အစွန်းရောက်အကြမ်းဖက်မှုနှင့် မုန်းတီးမှုတို့၏ အမွေခံပြဿနာများကိုဖြေရှင်းရန် သားကောင်များ၏ မိခင်နိုင်ငံရှိ ပြည်တွင်း/ဖက်စပ် တရားရုံးတွင် တရားစွဲဆိုခြင်းများစသည်တို့ပါဝင်သည်။

# ဘော့စနီးယား

### ထိခိုက်သည့်လူ့အသိုင်းအဝိုင်းနှင့် အဖြစ်အပျက်များ၏ အချိန်ကာလပြဇယား -

၁၉၉၂-၉၅ အတွင်းဖြစ်ပွားသော ဘော့စနီးယားစစ်ပွဲအတွင်းတွင် ဘော့စနီးယားမွတ်ဆလင်များကို လူမျိုးတုံးသတ်ဖြတ်ခြင်းအပါအဝင် ၁၉၉၅ ခုနှစ်က ဆရယ်ဘရယ်နီရှာတွင် ဘော့စနီးယားမွတ်ဆလင်များကို အစုလိုက်အပြုံလိုက်သတ်ခြင်း။ ဆရယ်ဘရယ်နီရှာရှိ အဖြစ်အပျက်များသည် ဘော့စနီးယားမွတ်ဆလင်အမျိုးသားနှင့် ယောကျ်ားလေး ၈,၀၀၀ ကျော်ကို သတ်ဖြတ်သည့်အကျိုးဆက်ဖြစ်စေခဲ့သည်။

### တရားခံများ -

ဆာ့ပ်ကာ (Srpska) သမ္မတနိုင်ငံ၏ စစ်တပ်/ဘော့စနီးယားဆာ့ဘ် စစ်တပ်။

### တရားစီရင်ရေးနှင့် တာဝန်ယူတာဝန်ခံမှု ယန္တရား -

**နိုင်ငံတကာ -**

- ၂၀၀၁ ခုနှစ်တွင် ယခင်~~ယူဂို~~စလား~~ဗီးယားနိုင်ငံ~~ဟော~~င်းအတွက်~~ ဆရယ်ဘရယ်နီရှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ခဲ့သည်ဟု [illegible]ပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICTY) က ဆုံးဖြတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ICTY ကို တရားဝင်ဖျက်သိမ်းခဲ့သော်လည်း ၎င်း၏လက်ကျန်လုပ်ငန်းများကို ~~ရာဇဝတ်ခုံရုံးများအတွက် အပြည်ပြည်ဆိုင်ရာ~~လက်~~ကျန်~~ယန္တရား ~~(IRMCT)~~ သို့ လွှဲပြောင်းခဲ့သည်။
- ICTY နှင့် IRMCT တို့သည် ၂၀၀၁ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အကြားတွင် ဆရယ်ဘရယ်နီရှာအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့် ဆက်စပ်စဉ်းစားရမည့် အခြေအနေအရ လူမျိုးတုံးသတ်ဖြတ်မှု ပြစ်မှုထင်ရှားသဖြင့် စီရင်ချက် ၅ ခု ချမှတ်ခဲ့ပြီး စုစုပေါင်း လူ ၁၆၁ ယောက်ကို စွဲချက်တင်ခဲ့သည်။[59]
- ၁၉၉၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် ဘော့စနီးယား လူမျိုးတုံးသတ်ဖြတ်မှုကို အမှုတွဲဖွင့်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ICJ သည် ၎င်း၏စီရင်ချက်ကို ချမှတ်ခဲ့ပြီး ဆရယ်ဘရယ်နီရှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် ICTY ၏ တွေ့ရှိချက်နှင့် သဘောချင်းတူညီခဲ့သည်။ သို့ရာတွင် တညီတညွတ်တည်းမဟုတ်သော်လည်း ဆားဘီးယားနိုင်ငံသည် ဆရယ်ဘရယ်နီရှာ လူမျိုးတုံးသတ်ဖြတ်မှုအတွက် တိုက်ရိုက်တာဝန်မရှိ သို့မဟုတ် ကြံရာပါခြင်းမရှိကြောင်းကို တရားရုံးက တွေ့ရှိခဲ့သည်။ သို့သော် ဆားဘီးယားနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပွားခြင်းမှ ကာကွယ်ရန် ပျက်ကွက်ခြင်းနှင့် လူမျိုးတုံးသတ်ဖြတ်မှုတရားခံများကို အပြစ်ပေးရာတွင် ICTY နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုမရှိသည့်အတွက် လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေရေးဆိုင်ရာ သဘောတူညီချက်ကို ဖောက်ဖျက်မှုကျူးလွန်ခဲ့ကြောင်း ၎င်းက စီရင်ချက်ချခဲ့သည်။[60]
- ၁၉၉၀ ခုနှစ်များနှောင်းပိုင်းတွင် ဘော့စနီးယားရှိ လူမျိုးတုံးသတ်ဖြတ်မှုတွင် ပါဝင်ခြင်းအတွက် အပြစ်ရှိကြောင်း ဂျာမန်တရားရုံးများမှ တွေ့ရှိခဲ့သည့် လူပေါင်းများစွာကို ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့်ဆိုင်သောစီရင်ချက်များကို ဂျာမန်တရားရုံးများက ထုတ်ပြန်ကြေညာခဲ့သည်။ ထင်ရှားသော ပြစ်မှုထင်ရှားစီရင်ချက်တစ်ခုမှာ ဂျာမန်တရားရုံးတစ်ခုမှ စီရင်ချက်ချသည့် နစ်ကိုလာဂျော့ဂျစ် (Nikola Jorgic) ဖြစ်သည်။[61] ၁၉၉၀ ခုနှစ်များနှောင်းပိုင်းတွင် သူ၏ပြစ်မှုထင်ရှားစီရင်ချက်ကို မှန်ကန်ကြောင်း အတည်ပြုပြီးနောက် ဥရောပလူ့အခွင့်အရေးတရားရုံးသို့ သူ၏အယူခံဝင်ခြင်းကို ၂၀၀၇ ခုနှစ်တွင် ပလပ်ခဲ့သည်။
- အချို့အမှုများကိုလည်း ရုံးတင်စစ်ဆေးပြီး ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံရှိ နိုင်ငံတော်တရားရုံးများသို့ လွှဲပြောင်းပေးခဲ့သည်။[62]

## ဒါရ်ဖာရ် (Darfur)

**ထိခိုက်သည့်လူ့အသိုင်းအဝိုင်းနှင့် အဖြစ်အပျက်များ၏ အချိန်ကာလပြဇယား -**

အနောက်ဆူဒန်နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ ဖြစ်ပွားသည့်(ဖြစ်နေဆဲ) ပဋိပက္ခအတွင်း ဒါဖုရီ (Darfuri) တိုင်းရင်းသားများကို စနစ်တကျသတ်ဖြတ်ခြင်း။ လူမျိုးတုံးသတ်ဖြတ်မှုတွင်း ၂၀၁၃ ခုနှစ်အထိ လူပေါင်း ၃၀၀,၀၀၀ ထက်ပို၍ အသတ်ဖြတ်ခံရပြီးဖြစ်သည်ဟု ကုလသမဂ္ဂက အကြမ်းဖျင်းခန့်မှန်းခဲ့သည်။

**တရားခံများ -**

ခါတွန်းမ် (Khartoum) အစိုးရတပ်ဖွဲ့များနှင့် အတိုက်အခံ လက်နက်ကိုင်အဖွဲ့များ။

**တရားစီရင်ရေးနှင့် တာဝန်ခံမှု ယန္တရား -**

**နိုင်ငံတကာ -**

- အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC) တွင် လက်ရှိဖြစ်နေဆဲ စုံစမ်းစစ်ဆေးမှုတစ်ခုရှိသည်။ ဆူဒန်နိုင်ငံသည် ရောမသဘောတူညီစာချုပ် အဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်သော်လည်း၊ ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒါရ်ဖာရ် (Darfur) ရှိ အခြေအနေကို ICC သို့ ရည်ညွှန်းခဲ့သည်။
- ဆူဒန်နိုင်ငံတွင် လက်ရှိ အကျဉ်းကျနေသည့် သမ္မတဟောင်း အယ်လ်ဘာရှာအိုမာ (Al Bashir Omar) အပါအဝင် ဖမ်းဝရမ်း ၇ ခုကို ICC က ထုတ်ပြန်ခဲ့သည်။
- စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုများ (လူမျိုးတုံးသတ်ဖြတ်မှုမဟုတ်) အတွက် စစ်ခေါင်းဆောင် ~~အာရပ်လူမျိုး တစ်ဦးဖြစ်သူ ဂျန်ဂျဝိဒ် (Janjaweed) အား~~ လက်ရှိစစ်ဆေးဆဲ အမှု ၁ ခု ICC တွင် ရှိသည်။ ဤသည်မှာ ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပါသည်။[63]

**ပြည်တွင်း -**

- စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုများအတွက် သံသယရှိသူများအား ရုံးတင်စစ်ဆေးရန် ဒါရ်ဖာရ်အတွက် အထူးတရားရုံးတစ်ခုကို ဖန်တီးရန် အစီအစဉ်များရှိသည်။[64]

## ကမ္ဘောဒီးယား

**ထိခိုက်သည့်လူ့အသိုင်းအဝိုင်းနှင့် အဖြစ်အပျက်များ၏ အချိန်ကာလပြဇယား -**

ကမ္ဘောဒီးယားရှိ လူနည်းစုဖြစ်သည့် ချမ်တိုင်းရင်းသားနှင့် ဗီယက်နမ်လူမျိုးများ အပါအဝင် ကမ္ဘောဒီးယားလူမျိုးများကို စနစ်တကျနှိပ်ကွပ်၍ သတ်ဖြတ်ခြင်းက ကမ္ဘောဒီးယားလူဦးရေ၏လေးပုံတစ်ပုံနီးပါးဖြစ်သည့် လူပေါင်း ၁.၅ မှ ၂ သန်းအထိ သေဆုံးရသည့် အကျိုးဆက်ဖြစ်ပေါ်စေခဲ့သည်။

**တရားခံများ -**

ခမာနီ (၁၉၇၅ - ၇၉ အတွင်း အာဏာရပါတီ)။

**တရားစီရင်ရေးနှင့် တာဝန်ခံမှု ယန္တရား -**

**ဖက်စပ် -**

- ကမ္ဘောဒီးယားအစိုးရသည် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ကမ္ဘောဒီးယားနိုင်ငံတရားရုံးများတွင်း ~~အထူးအာဏာရ သီးသန့်အခန်းငယ်များ~~ (ECCC) ကို ဖန်တီးပေးခဲ့သည်။
- တရားရုံးတွေ့ရှိချက်များသည် အရပ်ဘက်အဖွဲ့အစည်းများက အကောင်အထည်ဖော်ထားပြီး ချမ်လူမျိုးနှင့် ဗီယက်နမ်လူမျိုး လူနည်းစုများ၏အတွေ့အကြုံများကို အထူးမှတ်မိစေရန် ဒီဇိုင်းထုတ်ထားသည့် အစားလျော်ပေးရေးစီမံကိန်းများနှင့်အတူ ပေါ်ပေါက်လာသည်။ ဤသည်တို့တွင် အစိုးရ၏အုပ်ချုပ်မှုအောက်၌ ချမ်လူမျိုးများ၏အတွေ့အကြုံများကို ရုပ်ရှင်နှင့် မာလ်တီမီဒီယာ (ခေါ်) ရုပ်/သံ ပသာဒစုံ တင်ဆက်မှုတို့မှတဆင့် စူးစမ်းရှာဖွေခဲ့သည့် "လူ့အသိုင်းအဝိုင်း မီဒီယာပရောဂျက်" တစ်ခုဖြစ်သည့် "လူနည်းစုတိုင်းရင်းသားများထံမှ အသံများ" ဟုခေါ်သော နှစ်ဖွဲ့စလုံးအပေါ် ကျူးလွန်ခဲ့သည့် ဘေးအန္တရာယ်များအကြောင်း အသေးစိတ်ပြသသည့် လှုပ်ရှားပြပွဲတစ်ခုနှင့် တိုင်းရင်းသားဗီယက်နမ်လူမျိုး ဒုက္ခသည်များအနေဖြင့် သူတို့၏ တရားဝင်အခွင့်အရေးများကို နားလည်အောင် ကူညီထောက်ပံ့ရန် ဒီဇိုင်းထုတ်ထားသည့် "တရားဝင်နှင့် အရပ်သားဆိုင်ရာပညာပေး" ပရောဂျက်တစ်ခုတို့ ပါဝင်သည်။
- ၂၀၂၂ ခုနှစ်တွင် တရားရုံးက ၎င်း၏နောက်ဆုံးတရားစီရင်ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။[65]

## ရဝမ်ဒါ (Rwanda)

**ထိခိုက်သည့်လူ့အသိုင်းအဝိုင်းနှင့် အဖြစ်အပျက်များ၏ အချိန်ကာလပြဇယား -**

၁၉၉၄ ခုနှစ်တွင် ရဝမ်ဒါနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်နေစဉ်အတောအတွင်း တူဆီလူမျိုးနှင့် နိုင်ငံရေးအစွန်းမရောက်သူ ဟူတူလူမျိုး လူ့အသိုင်းအဝိုင်းများအား အစုလိုက်အပြုံလိုက် အမြစ်ပြတ်သုတ်သင်ရေး ကြိုတင်ကြံစည် စည်းရုံးလှုံ့ဆော်မှု ကမ်ပိန်းသည် တူဆီလူမျိုး ၅၀၀,၀၀၀ မှ ၆၆၂,၀၀၀ ကြား ခန့် သတ်ဖြတ်ခဲ့သည်။

**တရားခံများ -**

ဟူတူလူမျိုး ဦးဆောင်သည့်အစိုးရ (သီယွန်နက်စတဲ ဘဂိုဆိုရာ (Théoneste Bagosora) က ဦးဆောင်ခဲ့ပါသည်)နှင့် အရပ်သားအစွန်းရောက်များအပါအဝင်၊ အခြားဟူတူလူမျိုး လက်နက်ကိုင်အဖွဲ့နှင့် အမြဲတမ်းစစ်တပ်မဟုတ်သည့် တပ်ဖွဲ့များ။

**တရားစီရင်ရေးနှင့် တာဝန်ခံမှု ယန္တရား -**

**နိုင်ငံတကာ -**

- ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICTR)ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လူပေါင်း ၆၁ ဦးကို စီရင်ချက်ချခဲ့ပါသည်။ ၎င်းကို ၂၀၁၆ ခုနှစ်တွင် ပိတ်ခဲ့ပြီး ၎င်း၏လက်ကျန်လုပ်ငန်းများကို ~~ရာဇဝတ်ခုံရုံးများအတွက် အပြည်ပြည်ဆိုင်ရာလက်ကျန် ယန္တရား~~ (IRMCT) သို့ လွှဲပြောင်းပေးခဲ့သည်။[56]
- ~~IRMCT~~ ၏ ၁၉၉၈ ခုနှစ်တွင် တာဘာ (Taba) မြို့၏ ဟူတူလူမျိုး မြို့တော်ဝန်ဖြစ်သည့် ဂျင်း-ပေါလ် အကာယီဆု (Jean-Paul Akayesu) ကို ပြစ်မှုထင်ရှားစီရင်ချက်သည် အပြည်ပြည်ဆိုင်ရာ သီးခြားခုံရုံးတစ်ခုက ပထမဆုံး လူမျိုးတုံးသတ်ဖြတ်မှုကို ပြစ်မှုထင်ရှားစီရင်ခြင်း ဖြစ်ခဲ့သည်။[57]

**ပြည်တွင်း -**

- ၁၉၉၆ ခုနှစ်မှစ၍ လူမျိုးတုံးသတ်ဖြတ်မှုစစ်ဆေးခြင်းများကို ပြည်တွင်းတရားရုံးများတွင် ပြုလုပ်ခဲ့သည်။
- ၂၀၀၁ ခုနှစ်တွင် ဥပဒေအသစ်တစ်ခုအရ ဂါကာကာ (Gacaca) တရားရုံးများကို တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပိတ်သိမ်းခဲ့သည်။ ရဝမ်ဒါနိုင်ငံတွင် ဂါကာကာတရားရုံးများ (ရိုးရာ အများပိုင်တရားရုံးများ) ကို သုံးခြင်းသည် အမှန်တရားကိုပြောခြင်း၊ အပြစ်ကျူးလွန်သူများကို ဝန်ခံရန် အားပေးခြင်း၊ လူပုံအလယ်တွင် တောင်းပန်မှုကို ဖော်ပြရန်နှင့် နစ်နာကြေးများပေးရန်၊ တရားခံများနှင့် အသက်ရှင်လွတ်မြောက်သူများအကြား ဆက်ဆံရေး ပြန်လည်ထူထောင်ရာတွင် အားပေးကူညီရန် မှတဆင့် ထိခိုက်သည့်လူ့အသိုင်းအဝိုင်းများ ပါဝင်ခြင်းကို ခွင့်ပြုပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်အောင်လုပ်ခြင်းကို အားပေးမြှင့်တင်ပေးသည်ဟု ဆိုနိုင်သည်။[58]

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) ဆိုသည်မှာ ဘာပါလဲ။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) သည် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက တည်ထောင်ခဲ့ပြီး ဂျီနီဗာမြို့ (ဆွစ်ဇာလန်နိုင်ငံ) တွင် အခြေပြုပါသည်။

IIMM ၏ လုပ်ပိုင်ခွင့်မှာ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အပြင်းထန်ဆုံး နိုင်ငံတကာပြစ်မှုများနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုများအတွက် သက်သေ စုဆောင်းရန်၊ ထိန်းသိမ်းရန်နှင့် လေ့လာသုံးသပ်ရန် ဖြစ်သည်။

မြန်မာနိုင်ငံတွင်း ပြင်းထန်သည့်နိုင်ငံတကာပြစ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူပုဂ္ဂိုလ်များကို တရားမျှတပြီး အမြီအခိုကင်းသော ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ စတင်ရန် သို့မဟုတ် ၎င်းတို့ လွယ်ကူချောမောစေရန် အလို့ငှာ အမှုတွဲဖိုင်များကို ပြင်ဆင်ရန်နှင့် နိုင်ငံအဆင့်၊ ~~ထိုင်း~~ဒေသကြီးများအဆင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဆင့် တရားရုံးများနှင့် ၎င်းတို့ကိုဝေမျှရန်လည်း IIMM က စည်းမျဉ်းပြဋ္ဌာန်းထားသည်။ ရာဇဝတ်မှုမဟုတ်သည့် အမှုများအား တရားစွဲဆိုနိုင်ရန်လည်း ပူးပေါင်းနိုင်ပါသည်။[66]

### IIMM ၏ ရည်မှန်းချက်က ဘာပါလဲ။

IIMM ၏ ရည်မှန်းချက်ပန်းတိုင်မှာ ထိုတာဝန်ရှိသူများကို နိုင်ငံတော် တရားရုံးတစ်ခုတွင်ဖြစ်စေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဆင့် တရားရုံးတစ်ခုတွင်ဖြစ်စေ နောက်ထပ်စွဲချက်တင်ခြင်းများပြုလုပ်ရာတွင် အသုံးပြုရန်အတွက် သက်သေများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် တရားမျှတမှုနှင့် တာဝန်ခံမှုတို့ လွယ်ကူချောမောစေရေးဖြစ်သည်။

သတင်းအချက်အလက်များကို ၎င်းတို့ "လတ်လတ်ဆတ်ဆတ်" ဖြစ်နေစဉ် - ဆိုလိုသည်မှာ ဖြစ်ပျက်ပြီးသည့်နောက်ချက်ချင်း - စုဆောင်းပြီး မှတ်တမ်းတင်ထားခြင်းက အဖြစ်အပျက် ဖြစ်ပွားပြီးနောက် နှစ်ပေါင်းများစွာကြာမှ ပေါ်ပေါက်နိုင်သည့် တရားစွဲဆိုမှုများတွင် ၎င်း၏သက်သေခံတန်ဖိုးကို တိုးလာစေသည်။

IIMM ၏ အလုပ်နောက်ကွယ်မှ ရည်ရွယ်ချက်မှာ ရှင်သန်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများထံမှ သက်သေပစ္စည်းနှင့် သက်သေခံချက်များကို ၎င်းတို့အား မမေ့ပျောက်သွားမီ၊ မပျောက်ဆုံးသွားမီ သို့မဟုတ် ပျက်စီးဆုံးရှုံးမသွားမီ စုဆောင်းထားနိုင်ကြောင်း သေချာစေရန်ဖြစ်သည်။ ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်မှာ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သောပြင်းထန်သည့်ပြစ်မှုများအတွက် သက်သေအထောက်အထား ပေးနိုင်သည့် ဇာတ်လမ်းများကို မမေ့ပျောက်သွားကြောင်းနှင့် တရားခံများကို တရားမျှတမှုရအောင် ဆောင်ကျဉ်းရာတွင် အကူအညီဖြစ်စေရန် သုံးနိုင်ကြောင်း သေချာစေရန်ဖြစ်သည်။[67]

### IIMM သည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများနှင့် ဘယ်လိုကွာခြားပါသလဲ။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) တို့ အပါအဝင်၊ ကုလသမဂ္ဂအဖွဲ့အစည်းများစွာက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပို၍ ကျယ်ပြန့်စွာ စစ်ဆေးသည်။ ဤအဖွဲ့အစည်းများသည် နိုင်ငံများအတွက်အပြင်၊ အများပြည်သူအတွက်ကိုပါ အစီရင်ခံစာများကို ပြင်ဆင်ပေးလေ့ရှိကြသည်။ မတူသည်မှာ ယန္တရား၏လုပ်ငန်းသည် ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုမှု၌ သုံးရန်အတွက် လျှို့ဝှက်အမှုတွဲဖိုင်များကို ပြင်ဆင်ပေးရန်ဖြစ်သည်။

IIMM သည် အမှုစစ်ခြင်းများကို လုပ်နိုင်သည့် တရားရုံးတစ်ခု သို့မဟုတ် ခုံရုံးတစ်ခု မဟုတ်ပါ။ ၎င်းသည် အစိုးရရှေ့နေ၏ ရုံးခန်းတစ်ခုလည်း မဟုတ်ပါ။ သို့သော် မြန်မာနိုင်ငံရှိ ပြင်းထန်သည့် နိုင်ငံတကာပြစ်မှုများကို ကျူးလွန်သောတရားခံများကို ရာဇဝတ်မှုဖြင့် တရားစွဲဆိုရန် လက်ရှိတွင် သို့မဟုတ် အနာဂတ်တွင် ကြားနာနိုင်သည့် အပြည်ပြည်ဆိုင်ရာအဆင့်၊ ~~ထိုင်း~~ဒေသကြီးများအဆင့် သို့မဟုတ် နိုင်ငံအဆင့် တရားရုံးများနှင့် နီးကပ်စွာ အလုပ်လုပ်ရန် ၎င်းအား တည်ထောင်ထားခြင်းဖြစ်သည်။ ၎င်းသည် ~~အပြည်ပြည်ဆိုင်ရာ တရားရုံး[illegible]မှောက်၌ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အစိုးရရှေ့နေနှင့် [illegible]ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံအမှုတွဲတွင် ပါဝင်သူများနှင့်အတူ သက်~~သေများ~~ကို~~ ဝေမျှ~~ပြီးဖြစ်သည်။~~[68]

### IIMM သည် ဘယ်လို သတင်းအချက်အလက်များကို စုဆောင်းနေပါသလဲ။

IIMM သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၌ စစ်တပ်အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံရှိ လူအားလုံးအပေါ် ကျူးလွန်ခဲ့သည် ပြစ်မှုများ အပါအဝင်၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်၌ ပြုလုပ်ခဲ့သည့် နယ်မြေရှင်းလင်းရေးနှင့်ပတ်သက်ပြီး ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့်ပြစ်မှုများကို ဆက်လက်စုံစမ်းစစ်ဆေးပြီး လေ့လာသုံးသပ်ပါသည်။

ကိုဗစ်-၁၉ ကန့်သတ်ချက်များ လျော့လာနေခြင်းနှင့်အတူ IIMM အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားနိုင်ငံများတွင် သက်သေခံအထောက်အထားများ စုဆောင်းရန်နှင့် လူတွေ့အင်တာဗျူးများလုပ်ရန် ကြိုးစားအားထုတ်မှုများကို ဆထက်ထမ်းပိုးပြုလုပ်ခဲ့သည်။

ယနေ့အထိ IIMM သည် အရင်းအမြစ်ပေါင်း ၂၀၀ ထံမှ သတင်းအချက်အလက်နှင့် သက်သေအထောက်အထား စုဆောင်းခဲ့ပြီး၊ သတင်းအချက်အလက် အကြောင်းအရာပေါင်း သန်း ၂၀ ကို အရေးယူဆောင်ရွက်ကာ စုံစမ်းစစ်ဆေးရေးဆိုင်ရာနှင့် တရားရုံးဆိုင်ရာအာဏာရှိသူများနှင့်အတူ ဝေမျှရန် သက်သေခံရန်နှင့် လေ့လာသုံးသပ်ရန် ပစ္စည်း အစုံ ၇၁ ခုကို စုဆောင်းထားပြီးဖြစ်သည်။[69] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် IIMM က မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုများ တိုးမြင့်ကျယ်ပြန့်လာခဲ့ကြောင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပြင်းပြင်းထန်ထန်သက်ရောက်စေကြောင်း အစီရင်ခံခဲ့သည်။[70]

“ကျွန်တော့်မိသားစု ၄၁ ယောက်မှာ ၁၆ ယောက်က အသတ်ခံခဲ့ရပြီး အဲဒီအတွက် တရားမျှတမှုကို ကျွန်တော် လိုချင်တယ်။ အဲဒီကျူးလွန်မှုအတွက် လိုအပ်တဲ့ ဆောင်ရွက်ချက်တွေကို လုပ်သင့်တယ်။ ဥပဒေနဲ့အညီ ရာဇဝတ်သားတွေအပေါ် လိုအပ်တဲ့ အရေးယူမှုတွေကို ဆောင်ရွက်သင့်တယ်။ ငါတို့အပေါ် သူတို့ ကျူးလွန်ခဲ့တဲ့ ဖိနှိပ်မှုတွေအတွက် သူတို့ကို အပြစ်ပေးသင့်တယ်။ သူတို့ကို မသေမချင်း ကြိုးပေး သတ်ဖို့ လိုအပ်ရင် သူတို့ကို မသေမချင်း ကြိုးပေး သတ်သင့်တယ်။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသား၊

“ကျွန်မယောက်ျားကို ရခိုင်မှာ သူတို့ သတ်ဖြတ်ခဲ့ကြတယ်။ သူ့အတွက် တရားမျှတမှုရဖို့ ဘယ်နေရာကို သွားရပါစေ ကျွန်မသွားဖို့ အဆင်သင့်ပဲ။ ကျွန်မက ငယ်ရွယ်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ စစ်တပ်က ကျွန်မမျက်စိတွေ ကန်းအောင် လုပ်ခဲ့တယ်။ ကျွန်မ အခု မသန်စွမ်းတဲ့ မုဆိုးမတစ်ယောက်ဖြစ်နေပြီ။ ဒီလို အဖြစ်မျိုးကို ကျွန်မ ခံစားရဖို့ မထိုက်တန်ပါဘူး။ ကျွန်မ ဘဝ တစ်ခုလုံးအတွက် သူတို့ လျော်ကြေးပေးသင့်တယ်။ ကျွန်မကို ဘဝတလျှောက်လုံး သူတို့ ကျွေးမွေး ပြုစုသင့်တယ်။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး၊
အသက် ၂၂ နှစ်

“မြန်မာအစိုးရက ကျွန်မတို့ကို တန်းတူအခွင့်အရေး၊ နိုင်ငံသားဖြစ်မှုတွေပေးဖို့ သဘောတူခဲ့ရင် အဲဒါက တရားမျှတမှုဖြစ်လိမ့်မယ်။ ကျွန်မတို့ကို မြန်မာပြည် ပြန်ပို့ခံရပြီး လွတ်လွတ်လပ်လပ်သွားလာခွင့် မရခဲ့ရင် ဘာကောင်းမှာလဲ။ မြန်မာပြည်ပြန်ပို့ခံရပြီး အကြောက်တရားနဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ အသက်ဆက်ရှင်ရမယ်ဆိုရင် ကျွန်မတို့ရဲ့ အနာဂတ်က ပိုကောင်းလာစရာ မရှိပါဘူး။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး၊
အသက် ၁၈ နှစ်

“ကျွန်တော့်ကို ဓါးနဲ့ တိုက်ခိုက်ခဲ့တဲ့သူကို ပြန်တိုက်ခိုက်ခဲ့ပြီး ကျွန်တော်ဒဏ်ရာရခဲ့တယ်။ သူ့ ခြေ၊ လက်တွေကို ဖြတ်ပြီး လက်တုံ့ပြန်ခဲ့မယ်လို့ ကျွန်တော်ပြောတယ်ဆိုရင် ဒါက လက်စားချေတာပဲ။ ကျွန်တော့်အပေါ် သူ ကျူးလွန်ခဲ့တာတွေအတွက် လျော်ကြေးပြန်ပေးဖို့ ဒါမှမဟုတ် ကျွန်တော့်ရဲ့ နေ့စဉ်လိုအပ်ချက်အတွက် သူ့ကို ထောက်ပံ့ခိုင်းနိုင်ရင် အဲဒါ တရားမျှတမှုပဲ။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသား၊
အသက် ၄၇ နှစ်

“မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုး အတူယှဉ်တွဲနေထိုင်နိုင်ရင် ကျွန်တော်တို့က ဘာလို့မနေနိုင်ရမှာလဲ၊ ရိုဟင်ဂျာတွေကို နိုင်ငံသားဖြစ်ဖို့ တန်းတူအခွင့်အရေး ပေးပြီး ဗ[illegible]ူမျိုးအဖြစ် အသိအမှတ်ပြုသင့်တယ်။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသား၊
အသက် ၄၁ နှစ်

“မြန်မာပြည် ပြန်ပို့ပြီးရင် ကျွန်မတို့ မလုံခြုံသေးတဲ့ ကာလတလျှောက်လုံး နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ရဲ့ အကာအကွယ်အောက်မှာ ကျွန်မတို့ကို ထားသင့်တယ်။ ဘေးကင်းလုံခြုံမှုမရှိဘဲ ကျွန်မတို့ ပြန်မယ်ဆိုရင် ပြန်ရောက်ရောက်ချင်း ကျွန်မတို့ အမြစ်ဖြတ် သုတ်သင်ခံရမှာပဲ။”

အသက်ရှင်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး၊
အသက် ၃၃ နှစ်

# အကျဉ်းချုပ်ဇယား

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများ

| ယန္တရား | အဓိကအင်္ဂါရပ်များ |
| --- | --- |
| အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) | • လွတ်လပ်သော အမြဲတမ်းရာဇဝတ်ခုံရုံး<br>• အမျိုးသားတရားရုံးတစ်ခုက တရားစွဲဆိုခြင်းကို ၎င်းဖာသာလုပ်ရန် မတတ်နိုင်သောအခါ သို့မဟုတ် ဆန္ဒမရှိသောအခါ ၎င်း၏တရားစီရင်ပိုင်ခွင့်အတွင်း၌ရှိသော ကိစ္စတစ်ခုအပေါ်တွင်သာ အရေးယူနိုင်သည်။<br>• တာဝန်အရှိဆုံးလူပုဂ္ဂိုလ်များ၊ အဓိကအားဖြင့် ရာထူးမြင့်သောအရာရှိများကို တရားစွဲရန် ပြဋ္ဌာန်းထားပြီးဖြစ်သည်။<br>• လူမျိုးတုံးသတ်ဖြတ်သည့် ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ တရားစီရင်ပိုင်ခွင့်။<br>• ဒုက္ခသည်များတွင် တရားစွဲဆိုရာ၌ ပါဝင်ရန် အခွင့်အရေးတစ်ခုရှိသည်။<br>• ICC က နိုင်ငံများ၏ပူးပေါင်းပါဝင်မှုအပေါ် မှီခိုအားထားသည် -<br>- သက်ဆိုင်ရာနိုင်ငံက ၎င်း၏နယ်နိမိတ်အတွင်း ခွင့်ပြုမှသာ အစိုးရရှေ့နေက စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်နိုင်သည်။<br>- ထုတ်ထားသည့် ဖမ်းဝရမ်းများကို အကောင်အထည်ဖော်ရန် နိုင်ငံများအပေါ်တွင် အားထားရသည်။ |
| အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) | • ကုလသမဂ္ဂ အမြဲတမ်းခုံရုံး<br>• လူပုဂ္ဂိုလ်များကို တရားမစွဲဆိုနိုင်အောင် လုပ်ထားသည့် နိုင်ငံချင်း အငြင်းပွားဖွယ် ယန္တရား<br>• နိုင်ငံများက လက်မှတ်ရေးထိုးပြီး အတည်ပြုထားသည့် သဘောတူစာချုပ်များနှင့် ဆက်စပ်သော အငြင်းပွားမှုများအပေါ်တွင် တရားစီရင်ပိုင်ခွင့်ရှိသည်။<br>• တရားစွဲဆိုမှုများကို စတင်နိုင်သည့် အစိုးရရှေ့နေတစ်ဦးမရှိပါ၊ နိုင်ငံများကသာ တရားစွဲဆိုခြင်းကို စတင်နိုင်သည်။<br>• ဒုက္ခသည်များသည် တိုက်ရိုက် မပါဝင်နိုင်ပါ<br>• ICJ အမိန့် သို့မဟုတ် တရားစီရင်ချက်တစ်ခုသည် နိုင်ငံများအဖွဲ့ကို အမှုနှင့် ချည်နှောင်ထားပြီး အယူခံဝင်၍မရနိုင်ပါ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ခုကို သဘောတူလက်ခံခြင်းဖြင့်သာ ၎င်းကို အတည်ပြုကျင့်သုံးနိုင်သည်။ |
| မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) | • ကုလသမဂ္ဂ ယန္တရား၊ တရားရုံးတစ်ခု သို့မဟုတ် ခုံရုံးတစ်ခု မဟုတ်ပါ<br>• လက်ရှိတွင်နှင့် အနာဂတ်တွင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် တရားစွဲဆိုရာတွင်သုံးရန် မြန်မာနိုင်ငံရှိ နိုင်ငံတကာပြစ်မှုများ၏ သက်သေကို စုဆောင်းခြင်း၊ ဝေမျှခြင်းနှင့် ထိန်းသိမ်းခြင်းဖြင့် "တရားမျှတမှုဖြစ်မြောက်စေသူ" အဖြစ် ပြုမှုသည်<br>• ၎င်းစုဆောင်းရရှိထားသည့်သက်သေကို သုံး၍ မြန်မာနိုင်ငံရှိ ပြင်းထန်သော ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံမှုရှိစေရန် တာဝန်ရှိသူများကို နိုင်ငံအဆင့်၊ တိုင်းဒေသကြီးများအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် တရားရုံးများရှေ့မှောက် ယူဆောင်နိုင်ရန်အတွက် ၎င်းတရားရုံးများက သုံးနိုင်သည့် အမှုတွဲဖိုင်များကို ပြင်ဆင်ပါသည်<br>• ၎င်းက ICC ၏ အစိုးရရှေ့နေများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ပြီး ICJ အမှုနှင့် သက်ဆိုင်သောပစ္စည်းများကို ဂမ်ဘီယာနှင့် မြန်မာ နှစ်နိုင်ငံလုံးနှင့် ဝေမျှသည်။ |
| အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် (UJ) အခြေခံမှု | • ၎င်း၏နယ်နိမိတ်ပြင်ပတွင် ကျူးလွန်ခဲ့သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ကို ရုံးတင်စစ်ဆေးနိုင်ရန် နိုင်ငံတစ်နိုင်ငံကို ခွင့်ပြုပေးသည်<br>• နိုင်ငံများ၏နယ်နိမိတ်အတွင်း တည်ရှိသည့် သားကောင်များ သို့မဟုတ် အခြားနိုင်ငံဒေသများသို့ ပြန့်ကျဲထွက်ခွာသွားကာ အခြေချနေထိုင်ကြသည့် လူ့အသိုင်းအဝိုင်းများက မကြာခဏ သုံးကြသည်<br>• နိုင်ငံများက သင့်လျော်သောဥပဒေကို သဘောတူလက်ခံရန် လိုအပ်သည်<br>• အမှုများသည် အရင်းအမြစ်များစွာလိုအပ်ပြီး ရှုပ်ထွေးသောစုံစမ်းစစ်ဆေးမှု ပါဝင်သည်<br>• အသက်ရှင်လွတ်မြောက်သူများ၊ မျက်မြင်သက်သေများနှင့် ၎င်းတို့မိသားစုများ၏ တောင်းဆိုချက်များကို ကာကွယ်ပေးရန် အတွက် အမှုများသည် စေ့စပ်သေချာသည့် စဉ်းစားဆင်ခြင်မှုနှင့် အရင်းအမြစ်များ လိုအပ်သည်။ |

| ရိုဟင်ဂျာနှင့်ဆက်စပ်သောအကြောင်းအရာတွင် စစ်ဆေးခြင်းနယ်ပယ် | လက်ရှိအခြေအနေ | ထပ်ဆောင်း သတင်း အချက်အလက် |
|---|---|---|
| မြန်မာနိုင်ငံ (ICC ၏ ရောမသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်) တွင်းရှိ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ် နိုင်ငံ (ရောမသဘောတူညီချက်ဥပဒေကို အတည်ပြု လက်မှတ်ထိုးထားသည်) အတွင်းသို့ နယ်စပ်ဖြတ်ကျော်၍ ပြည်နှင်ဒဏ်ပေးခြင်းနှင့် ဆက်စပ်သည့်ပြစ်မှုများ။<br><br>အချိန်ပြဇယား - ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ သို့မဟုတ် ၎င်းနေ့နောက်ပိုင်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တစ်လျှား ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုလှိုင်းများ လွှမ်းခြုံခြင်း။ | လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အစိုးရရှေ့နေရုံး OTP မှ စုံစမ်းစစ်ဆေးမှုတစ်ခုကို ကော့စ်ဘဇား၌ ပြုလုပ်ဆဲဖြစ်သည်။<br><br>၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ICC အစိုးရရှေ့နေ ကာရင်မ်ခန် (Karim Khan) သည် ကော့စ်ဘဇားသို့ လာရောက်လည်ပတ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများကို 'အရှိန်မြှင့်လုပ်ဆောင်ရေး' အဆင့်တစ်ခုသို့ ယခု ဝင်ရောက်သင့်ပြီဟု အလေးထားပြောကြားခဲ့သည်။ | www.icc-cpi.int/ bangladesh-myanmar<br><br>www.icc-cpi.int/about/ how-the-court-works |
| 'လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေရေးဆိုင်ရာ သဘောတူညီချက်' ကို ချိုးဖောက်ခြင်းတွင် မြန်မာနိုင်ငံ၏တာဝန်ဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန်နှင့် အပြစ်ပေးရန် ပါဝင်သည်။<br><br>အချိန်ပြဇယား - မြန်မာနိုင်ငံကို တရားစွဲဆိုသည့် ဂမ်ဘီယာနိုင်ငံ၏အမှုသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အတောအတွင်း နယ်မြေရှင်းလင်းရေးများအပေါ် ဦးတည်ထားသည်။ | မြန်မာနိုင်ငံဘက်မှ တင်ပြသည့် ကန့်ကွက်ချက်များအားလုံးကို ICJ က ပယ်ချခဲ့ပြီး ထိုက်သင့်ရာအကျိုးကျေးဇူးများ၊ ဆိုလိုသည်မှာ - ခိုင်လုံသော လျှောက်လဲချက်များဖြင့် ထောက်ပံ့ထားသည့် လျှောက်လဲချက်များအပေါ်တွင် မူတည်၍ အမှုကို ကြားနာရန် ဆုံးဖြတ်ခဲ့သည်။<br><br>၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ၂၀၂၀ ခုနှစ်၌ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ကျခံစေရေးဆိုင်ရာ သဘောတူညီချက်ကို ချိုးဖောက်ခဲ့ကြောင်း လျှောက်လဲချက်ကို တင်သွင်းခဲ့သော မှတ်ပုံတင်ရန် အချက်အလက်ပြည့်စုံသည့် စာချုပ် (မန်မိုရီယယ်) ကို ချေပရန်အတွက် ၎င်း၏တန်ပြန် - မန်မိုရီယယ်ကို မြန်မာနိုင်ငံမှ တင်သွင်းရပါမည်။ | www.icj-cij.org/en/case/178<br><br>www.icj-cij.org/en/how-the-court-works |
| IIMM သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေး အတောအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ပတ်သက်သည့် သက်သေများကို စုဆောင်းပြီး လေ့လာသုံးသပ်ကြည့်နေသည်။<br><br>အထူးသဖြင့် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံအတွင်းတွင် လက်ရှိ ဖြစ်ပျက်နေသည့်ကိစ္စနှင့်ပတ်သက်သည့် သက်သေကိုလည်း IIMM က တက်ကြွစွာ စုဆောင်းနေသည်။ | ကိုဗစ်-၁၉ ကန့်သတ်ချက်များ လျော့ပါးလာခြင်းနှင့်အတူ IIMM သည် တရားရုံးများ သို့မဟုတ် ခုံရုံးများက သုံးနိုင်သည့် လက်မှတ်ရေးထိုးထားသော မျက်မြင်သက်သေ ထွက်ဆိုချက်များကို ပြင်ဆင်ရန် သက်သေခံအထောက်အထားများကို စုဆောင်းရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာများနှင့် လူတွေ့အင်တာဗျူးများလုပ်ရန် ကြိုးစားအားထုတ်မှုများကို ဆထက်ထမ်းပိုးပြုလုပ်ခဲ့သည်။ | https://iimm.un.org/<br><br>https://www.facebook.com/ MyanmarMechanism<br><br>လျှို့ဝှက်သတင်း အချက်အလက်များ မျှဝေရန် -<br><br>Signal - +41 76 691 12 08<br><br>သို့မဟုတ် လျှို့ဝှက်ကုဒ် ထည့်သွင်းထားသော အီးမေးလ်ကို Protonmail မှ contact@ myanmar-mechanism.org သို့ ပေးပို့ပါ |
| မြန်မာ-ရိုဟင်ဂျာအသင်း ယူကေ (BROUK) သည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုတို့အတွက် မြန်မာနိုင်ငံမှ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍကို စုံစမ်းစစ်ဆေးရန် အာဂျင်တီးနားနိုင်ငံ တရားရုံးများကို အသနားခံလွှာတင်ခဲ့သည်။<br><br>ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့်ပြစ်မှုများ၏ တရားခံများ တာဝန်ယူတာဝန်ခံမှုရှိစေရန် ကြိုးစားအားထုတ်ရာတွင် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် အခြေခံမူအောက်ရှိ အခြားနိုင်ငံများတွင် ထပ်တိုးအမှုများကို အမှုတွဲတင်နိုင်ခြေရှိပါမည်။ | စုံစမ်းစစ်ဆေးမှုတစ်ခုကို အာဂျင်တီးနားတွင် ပြုလုပ်ဆဲဖြစ်သည်။ စုံစမ်းစစ်ဆေးမှု ပြီးပြည့်စုံစေရန်အတွက် အချိန်အတန်ကြာနိုင်သည် (နှစ်ချီ၍ကြာရန် အလားအလာရှိသည်)။ | https://trialinternational. org/wp-content/ uploads/2022/03/TRIAL_ International_UJAR-2022. pdf |

# ရိုဟင်ဂျာများနှင့် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုရှာဖွေရေးအတွက် သင်မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်ပါသလဲ။

**ဝန်ဆောင်မှုပေးသူ သို့မဟုတ် လူသားချင်းစာနာမှုအကူအညီပေးသူတစ်ဦးအနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှု ရရှိနိုင်ရန် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အပံ့ရယူရန် ရိုဟင်ဂျာများကို သင်ကူညီနိုင်သည်။**

## သင်သည်အောက်ပါတို့ကို လုပ်နိုင်ပါသည် -

- အပြည်ပြည်ဆိုင်ရာတရားစီရင်မှုကို ၎င်းတို့ရရှိနိုင်သည့် တရားဝင်လမ်းကြောင်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များပေးကာ ကူညီပြီး ကောလာဟလများ/နားလည်မှုလွဲခြင်းများ တစုံတရာရှိပါက ပပျောက်အောင် ကူညီနိုင်သည်။
- ဆက်လက်လုပ်ဆောင်နေဆဲ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးယန္တရားများတွင် ထောက်ပံ့ထည့်ဝင်ရေး သို့မဟုတ် ပါဝင်နိုင်ရေးအတွက် အကြံဉာဏ်ရယူရန်နှင့် ၎င်းတို့အတွက်ရရှိနိုင်သော ရွေးချယ်စရာများကို ဆွေးနွေးရန် LAW ကဲ့သို့သော တရားဝင်အဖွဲ့အစည်းများထံ ၎င်းတို့ကို လမ်းညွှန်ပေးနိုင်သည်။
- လက်ရှိတရားစွဲဆိုမှုများတွင် ထောက်ပံ့ထည့်ဝင်ရန်နှင့် ပတ်သက်၍ ပိုမိုသိရှိရန် သို့မဟုတ် ရိုဟင်ဂျာများအတွက် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုရရှိရေး တရားဝင်လမ်းကြောင်းများ တိုးများလာစေရန်အတွက် ကျွန်ုပ်တို့အား ကူညီရန် LAW အဖွဲ့နှင့် ဆက်သွယ်ထားပါ။
- အသက်ရှင်လွတ်မြောက်သူများနှင့် ထိထိရောက်ရောက် ထိတွေ့နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် ဆက်တိုက်တွေ့ကြုံနေရခြင်းများ၏ အကျိုးသက်ရောက်မှုမှ ပေါ်ထွန်းလာသော ၎င်းတို့၏လိုအပ်ချက်များကို အာရုံစိုက်လုပ်ဆောင်ရန် "ရှန်တီ မိုဟီလာ (Shanti Mohila)" နှင့် "အသက်ရှင်လွတ်မြောက်သူကို ထောက်ခံအားပေးသူများ" ကွန်ရက် တို့ကဲ့သို့သော လူ့အသိုင်းအဝိုင်းမှ ဦးဆောင်သည့် ရှိလက်စ ကနဦးဆောင်ရွက်မှုများကို ကူညီပံ့ပိုးပေးနိုင်သည်။
- ဝန်ဆောင်မှုများကို ပေးရာတွင် စိတ်ဒဏ်ရာကို ထိခိုက်လွယ်သည့် အကြောင်းခံတစ်ခုအဖြစ် ထည့်တွက်နိုင်သည်။
- မြန်မာနိုင်ငံတွင်း အတိတ်မှ လိင်ပိုင်းဆိုင်ရာ ကျား/မ အခြေပြု အကြမ်းဖက်မှုအတွေ့အကြုံများအကြောင်းကို ၎င်းတို့ လွတ်လပ်စွာပြောနိုင်ကြောင်းနှင့် ၎င်းတို့၏ စဉ်ဆက်မပြတ်လိုအပ်ချက်များကို ထုတ်ဖော်နိုင်ကြောင်း သေချာစေရင်၊ အမျိုးသား၊ အမျိုးသမီးနှင့် ~~လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်သူ~~ ဟစ်ဂျရာများ အတွက် လိုက်ဖက်အောင် ပြင်ဆင်ထားသည့်၊ လုံခြုံပြီး သင့်လျော်သည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်သည်။
- ရိုဟင်ဂျာများအတွက် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှု လိုအပ်နေကြောင်း ရဲရဲတင်းတင်း ထုတ်ပြောနိုင်ပြီး နိုင်ငံအဆင့်၊ တိုင်းဒေသကြီးများအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖိုရမ်များတွင် သင်၏အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သက်သေကို မျှဝေနိုင်သည်
- **IIMM** ၏ အလုပ်အကြောင်းကို လူများအားအသိပေး၍ ၎င်း၏လုပ်ပိုင်ခွင့်နှင့် ၎င်းတို့အား အချက်အလက်များနှင့် အတူ မည်သို့ဆက်သွယ်နိုင်ကြောင်း သတင်းအချက်အလက်များကို မျှဝေနိုင်သည်။
- အသက်ရှင်လွတ်မြောက်သူများနှင့် ~~ဒုက္ခသည်~~ ရိုဟင်ဂျာ များအတွက် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုရရှိရေး အတွက် ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ တိုင်းဒေသကြီး များအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် လှုံ့ဆော်ရေးကမ်ပိန်း များကို ထောက်ပံ့ပေးနိုင်သည်။ ဥပမာအားဖြင့် ပြဿနာ နှင့်ပတ်သက်၍ ရဲရဲတင်းတင်းနှင့် ပွင့်ပွင့်လင်းလင်းပြောဆို ရန် ပွဲများကို သင်တက်ရောက်နိုင်ပြီး လူ့အခွင့်အရေးအဖွဲ့ အစည်းများနှင့် မိတ်ဖက်လုပ်နိုင်သည်။

# ကျေးဇူးပြု၍လုပ်ရန် -

**အောက်ပါတို့အပါအဝင် အဓိက နိုင်ငံတကာနေ့ရက်များ/အခါသမယများတွင် ရိုဟင်ဂျာများအတွက် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုနှင့် တာဝန်ယူတာဝန်ခံမှုတို့အတွက် အမှာစကားများကို ဝေမျှတောင်းဆိုပါ -**

### အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

(မတ်လ ၈ ရက်)

### ကမ္ဘာ့ဒုက္ခသည်များနေ့

(ဇွန်လ ၂၀ ရက်)

### အပြည်ပြည်ဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခံရသူများအား ကူညီထောက်ပံ့ရေးနေ့

(ဇွန်လ ၂၆ ရက်)

### ကမ္ဘာ့ အပြည်ပြည်ဆိုင်ရာ တရားမျှတမှု ရရှိရေးနေ့

(ဇူလိုင်လ ၁၇ ရက်)

### ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်နေ့

(ဩဂုတ်လ ၂၅ ရက်)

### ကမ္ဘာ့ကလေးများနေ့

(နိုဝင်ဘာလ ၂၀ ရက်)

### ကျား/မအခြေပြု အကြမ်းဖက်မှု ဆန့်ကျင်ရေး ၁၆ ရက်ကြာ ထောက်ခံလှုပ်ရှားမှု

(နိုဝင်ဘာလ ၂၅ ရက် - ဒီဇင်ဘာလ ၁၀ ရက်)

### လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးနေ့

(ဒီဇင်ဘာလ ၉ ရက်)

### လူ့အခွင့်အရေးနေ့

(ဒီဇင်ဘာလ ၁၀ ရက်)

# အဓိက ~~အမှာ~~စကားများ -

ရိုဟင်ဂျာများနှင့် ၎င်းတို့၏ တရားမျှတမှုရှာဖွေရေး အခြေအနေကို လူအများသတိထားမှု ပို၍မြင့်တက်လာအောင် အကြံပြုထားသည့် အမှာစကားများကို သင်ဝေမျှပေးရန် ကျွန်ုပ်တို့ အားပေးတိုက်တွန်းပါသည်။

အောက်ပါတို့သည် သင့်လျော်သော ကိန်းဂဏန်းအချက်အလက်များနှင့် ဒေတာများကို သုံးခြင်းဖြင့် လိုအပ်ချက်နှင့်အံဝင်အောင် စီမံထားသည့် အမှာစကားနမူနာများဖြစ်သည် -

## နိုင်ငံတကာ တရားမျှတမှုက ရိုဟင်ဂျာများအတွက် ဘာကြောင့် အရေးပါရပါသလဲ

- ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် နိုင်ငံတကာ ရာဇဝတ်မှုများအားလုံး၏ တရားခံများသည် တာဝန်ယူတာဝန်ခံမှုရှိသင့်သည်။ ဒုက္ခသည်များအတွက် တရားမျှတမှုသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သောအနာဂတ်တစ်ခု ပေါ်ပေါက်လာရေးအတွက် အထောက်အကူပြုနိုင်သည်။
- တရားမျှတမှုမရှိခြင်း ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းနှင့် အပြင်ဘက်ရှိ ရိုဟင်ဂျာလူကြီးနှင့် ကလေးများအတွက် လွတ်လပ်မှုမရှိခြင်း ဟုဆိုလိုသည်။
- တရားမျှတမှုမရှိဘဲ ရိုဟင်ဂျာ အသက်ရှင်လွတ်မြောက်သူများကို ကုစားရန်နည်းလမ်း မရှိပါ။
- ရိုဟင်ဂျာများ မြန်မာနိုင်ငံသို့ လုံခြုံပြီး ဂုဏ်သိက္ခာရှိရှိ ဆန္ဒအလျောက် ပြန်ရရေးအတွက် တရားမျှတမှုသည် အဓိကကျသည်။ တရားခံများက အာဏာရှိဆဲဖြစ်နေလျှင် အိမ်ပြန်ရန် ရွေးချယ်စရာမရှိပါ။

## ရိုဟင်ဂျာများအတွက်တရားမျှတမှု သေချာရရှိစေရန် မည်သည်တို့ လိုအပ်ပါမလဲ။

- အရင်းအမြစ်များနှင့် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များသည် ရိုဟင်ဂျာများအတွက် ခိုင်မာသောလုပ်ရပ်ပြုလုပ်ရန် စေ့ဆော်ပေးရမည်။
- ရိုဟင်ဂျာ ဒုက္ခသည်များနှင့် အသက်ရှင်လွတ်မြောက်သူများအတွက် တရားမျှတမှု သေချာစေရန် လမ်းကြောင်းများအားလုံးကို လိုက်လံရှာဖွေရမည်။
- ရိုဟင်ဂျာ အသက်ရှင်လွတ်မြောက်သူများ၏ အသံများကို ကျယ်လောင်ရှင်းလင်းစွာ ကြားသိရမည်။ တရားမျှတမှုသည် ၎င်းတို့ပတ်လည်တွင် ဗဟိုပြုရမည်။

# ကိုးကား -

**ဤလမ်းညွှန်ချက်၏ ဒီဂျစ်တယ်မူကွဲကို သုံးပါက စာမျက်နှာသို့ ပြန်လာရန် ကျေးဇူးပြု၍ အပြာရောင် ကိုးကားချက်နံပါတ်ပေါ်၌ နှိပ်ပါ။**

1 Fortify Rights, Policies of Persecution: Ending Abusive State Policies Against Rohingya Muslims in Myanmar (February 2014), https://www.fortifyrights.org/mya-inv-rep-2014-02-25/.

2 U.N. Human Rights Council, Report of the independent international fact-finding mission on Myanmar, A/HRC/39/64, 12 September 2018, paras. 25, 73, https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/A_HRC_39_64.pdf [hereinafter "2018 Brief FFM Report"].

3 António Guterres, Opening remarks at press encounter with President of the World Bank, Jim Yong Kim, 2 July 2018, https://www.un.org/sg/en/content/sg/speeches/2018-07-02/remarks-press-encounter-world-bank-president-jim-kim.

4 ၁၉၇၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် နိုင်ငံခြားသားများကို ထုတ်ပယ်ရန် နာမည်ဆိုးဖြင့် ကျော်ကြားသော 'နဂါးမင်း' စစ်ဆင်ရေး (နဂါးမင်း စစ်ဆင်ရေး) ကို စတင်ခဲ့သည်။ စစ်တပ်၏ လူမဆန်မှု၊ မုဒိမ်းကျင့်မှုနှင့် လူသတ်မှုတို့ ကျယ်ပြန့်လာသည့် အစီရင်ခံစာများနှင့်အတူ နဂါးမင်းစစ်ဆင်ရေးကြောင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွင်းသို့ ရိုဟင်ဂျာပေါင်း ၂၀၀,၀၀၀ ထွက်ပြေးရသည့် အကျိုးဖြစ်ပေါ်စေခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံမှထွက်ပြေးခဲ့သော ရိုဟင်ဂျာများသည် မြန်မာနိုင်ငံသို့ အစုလိုက်အပြုံလိုက် ပြန်လာပြီး သုံးနှစ်အတွင်း၌ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထုတ်ပြန်ကြေညာခဲ့သည်မှာ မှတ်သားဖွယ်ဖြစ်သည်၊ ကြည့်ရန် U.N Commission on Human Rights, Report of the Special Rapporteur on the Situation of Human Rights in Myanmar, E/CN.4/1993/3, 1993, paras. 132. 236, https://digitallibrary.un.org/record/159740?ln=en#record-files-collapse-header; Human Rights Watch, Burma/Bangladesh: Burmese Refugees in Bangladesh – Historical Background, https://www.hrw.org/reports/2000/burma/burm005-01.htm.

5 U.N. Commission on Human Rights, Report of the Special Rapporteur on the Situation of Human Rights in Myanmar, E/CN.4/1993/37, 1993, paras. 31, 76, 132, 235-36, https://digitallibrary.un.org/record/159740?ln=en#record-files-collapse-header.

6 IRIN, Myanmar's Rohingya Crisis (16 November 2012), https://www.refworld.org/docid/50bf11d32.html.

7 U.N. Human Rights Council, Report of the detailed findings of the Independent International Fact-Finding Mission on Myanmar, A/HRC/39/CRP.2, 17 September 2018, paras. 749-53, https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/A_HRC_39_CRP.2.pdf [hereinafter "Detailed FFM Report"].

8 UNHCR News, Young people in Myanmar's Rakhine State tackle ethnic divisions (23 March 2022), https://www.unhcr.org/news/stories/2022/3/623992014/young-people-myanmars-rakhine-state-tackle-ethnic-divisions.html.

9 U.N. Human Rights Council, Report of the Independent Investigative Mechanism for Myanmar, A/HRC/51/4, 12 July 2022, para. 21, https://iimm.un.org/wp-content/uploads/2022/08/A-HRC-51-4-E.pdf.

10 Al-Jazeera, Myanmar's military coup prolongs misery for Rohingya in Rakhine (6 January 2022), https://www.aljazeera.com/news/2022/1/6/rohingya-myanmar-restrictions-on-freedom-of-movement.

11 Detailed FFM Report, supra note 7, at paras. 749-53.

12 U.N.S.C. Meetings Coverage, Head of Human Rights Fact￾Finding Mission on Myanmar Urges Security Council to Ensure Accountability for Serious Violations against Rohingya, SC/13552 (24 October 2018), https://press.un.org/en/2018/sc13552.doc.htm; see also Detailed FFM Report, supra note 7, at paras. 1008, 1275, 1395, 1482.

13 2018 Brief FFM Report, supra note 2, at para. 33; see also Detailed FFM Report, supra note 7, at paras. 751, 1174, 1366, 1404, 1489.

14 Detailed FFM Report, supra note 7, at paras. 752, 882, 884.

15 Detailed FFM Report, supra note 7, at paras. 890, 905.

16 Detailed FFM Report, supra note 7, at para. 893.

17 Human Rights Watch, Massacre by the River: Burmese Army Crimes against Humanity in Tula Toli (19 December 2017), https://www.hrw.org/report/2017/12/19/massacre-river/burmese-army-crimes-against-humanity-tula-toli.

18 Reuters, Massacre in Myanmar: A Reuters Special Report (8 February 2018), https://www.reuters.com/investigates/special-report/myanmar-rakhine-events/.

19 U.N. Human Rights Council, Sexual and gender-based violence in Myanmar and the gendered impact of its ethnic conflicts, A/HRC/42/CRP.4, 22 August 2019, para. 14, https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/sexualviolence/A_HRC_CRP_4.pdf [hereinafter "2019 FFM Report on SGBV"].

20 2019 FFM Report on SGBV, supra note 19, at paras. 14, 74.

21 2019 FFM Report on SGBV, supra note 19, at para. 75.

22 2018 Brief FFM Report, supra note 2, at para. 38.

23 2018 Brief FFM Report, supra note 2, at para. 42.

24 Detailed FFM Report, supra note 7, at paras. 883, 1493.

25 Fortify Rights, "They Tried to Kill Us All": Atrocity Crimes against Rohingya Muslims in Rakhine State, Myanmar (15 November 2017), p. 11, https://www.fortifyrights.org/downloads/THEY_TRIED_TO_KILL_US_ALL_Atrocity_Crimes_against_Rohingya_Muslims_Nov_2017.pdf.

26 Detailed FFM Report, supra note 7, at para. 958.

27 Detailed FFM Report, supra note 7, at paras. 669, 1105.

28 A. Riley, Y. Akther, M. Noor, R. Ali, C. Welton-Mitchell, "Systematic Human Rights Violations, Traumatic Events, Daily Stressors and Mental Health of Rohingya Refugees in Bangladesh," Conflict and Health, Vol. 14, Art. No. 60, August 20, 2020, https://doi.org/10.1186/s13031-020-00306-9.

29 ၂၀၂၁ ခုနှစ်၊ ဧပြီလနှင့် အောက်တိုဘာလတို့အကြားတွင် LAW အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်သည့် ရိုဟင်ဂျာအမျိုးသားနှင့် ကျား/မအခြေပြု လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း (SGBV) မှ အသက်ရှင်လွတ်မြောက်သူ ဟစ်ဂျရာများ၏ အတွေ့အကြုံများနှင့် မရှိမဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာ၊ စိတ်ပညာပိုင်းဆိုင်ရာနှင့် ဥပဒေ ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ရှာဖွေရာတွင် ၎င်းတို့၏စိတ်ပူပန်ရမှုများကို ပို၍ကောင်းစွာနားလည်ရန် စစ်တမ်းတစ်ခုကို ကောက်ယူခဲ့သည်။ ကော့စ်ဘဇားတွင်း စခန်းများတလျှောက်ရှိ ရိုဟင် ဂျာပေါင်း ၆၁ ယောက် (အမျိုးသား ၄၂ ယောက်၊ ဟစ်ဂျရာ ၁၉ ယောက်) တို့ကို လူတွေ့မေးမြန်းခဲ့သည်။

30 Situation in the People's Republic of Bangladesh/Republic of the Union of Myanmar, Decision Pursuant to Article 15 of the Rome Statute on the Authorisation of an Investigation into the Situation in the People's Republic of Bangladesh/ Republic of the Union of Myanamar, ICC-01/19, 14 November 2019, paras. 84-6, https://www.icc-cpi.int/sites/default/files/CourtRecords/CR2019_06955.PDF.

31 Rome Statute of the International Criminal Court, July 17, 1998, 2187 U.N.T.S. 90, Art. 6 [hereinafter "Rome Statute"]; Convention on the Prevention and Punishment of the Crime of Genocide, Dec. 9, 1948, 78 U.N.T.S. 277, Art. II.

32 2019 FFM Report on SGBV, supra note 19, at paras. 72, 95-9.

33 Rome Statute, supra note 31, at Art. 7(1).

34 Rome Statute, supra note 31, at Art. 7(2)(g).

35 Rome Statute, supra note 31, at Art. 7(1)(h).

# ကိုးကား -

36 Rome Statute, supra note 31, at Art. 8.

37 2019 FFM Report on SGBV, supra note 19, at paras. 2, 68, 72, 95-9.

38 Detailed FFM Report, supra note 7, at para. 1521.

39 ရောမသဘောတူစာချုပ်သည် ICC က တည်ထောင်ခဲ့သည့် နိုင်ငံတကာ သဘောတူစာချုပ်တစ်စောင် ဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အီတလီနိုင်ငံ၊ ရောမမြို့တွင် သံတမန်ရေးရာညီလာခံတစ်ခုၐ ၎င်းကို အတည်ပြုခဲ့ပြီး ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ အာဏာတည်စေခဲ့သည်။

40 Oxford Learner's Dictionaries, Prosecution, https://www.oxfordlearnersdictionaries.com/definition/american_english/prosecution.

41 တရားစီရင်ရေး အကြိုခုံအဖွဲ့တွင် တရားသူကြီးသုံးဦး ဖွဲ့စည်းပါဝင်သည်။ ၎င်း၏လုပ်ငန်းများထဲမှ တစ်ခုမှာ စုံစမ်းစစ်ဆေးမှုတစ်ခု စတင်ရန်အတွက် အစိုးရရှေ့နေရုံး (OTP) ၏ ခွင့်ပြုချက်ပေးရန် သို့မဟုတ် ပယ်ချပေးရန်ဖြစ်သည်။ တရားရုံး၏တရားစီရင်ပိုင်ခွင့်အတွင်း အမှု ကျရောက်သည်ဖြစ်စေ၊ မကျရောက်သည်ဖြစ်စေ မျက်စိမှိတ်ဘက်လိုက်မှုမျိုး မရှိသော်လည် တရားစီရင်ပိုင်ခွင့်နှင့် ခွင့်ပြုနိုင်ခြင်းတို့နှင့် စပ်လျဉ်း၍ နောက်ဆက်တွဲဆုံးဖြတ်ချက်များအတွက် အကြိုဆုံးဖြတ်ချက်တစ်ခုကို ချမှတ်သည်။

42 ICC Press Release, ICC Pre-Trial Chamber I rules that the Court may exercise jurisdiction over the alleged deportation of the Rohingya people from Myanmar to Bangladesh (6 September 2018), https://www.icc-cpi.int/news/icc-pre-trial-chamber-i-rules-court-may-exercise-jurisdiction-over-alleged-deportation.

43 ICC Press Release, ICC judges authorise opening of an investigation into the situation in Bangladesh/Myanmar (14 November 2019), https://www.icc-cpi.int/news/icc-judges-authorise-opening-investigation-situation-bangladesh/myanmar.

44 မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းမှုအတွင်း မောင်းထုတ်ခံလိုက်ရသည့် ရွေးကောက်တင်မြှောက်ခံရသည့် မူဝါဒချမှတ်သူများအဖွဲ့တစ်ဖွဲ့က NUG ကို ဖွဲ့စည်းခဲ့သည်။ Al-Jazeera, Who represents Myanmar? တွင်ကြည့်ပါ။ UN faces credentials pressure at assembly (16 September 2022), https://www.aljazeera.com/news/2022/9/16/who-represents-myanmar-un-faces-credentials-pressure-at-assembly.

45 Twitter Post, National Unity Government Myanmar (20 August 2021), https://twitter.com/NUGMyanmar/status/1428739347717648389.

46 ICJ, Background on the ICJ, https://www.icj-cij.org/en/court.

47 Application of the Convention on the Prevention and Punishment of the Crime of Genocide (Gambia v. Myanmar), Application Instituting Proceedings and Request Provisional Measures, 11 November 2019, https://www.icj-cij.org/public/files/case-related/178/178-20191111-APP-01-00-EN.pdf [hereinafter "Gambia v. Myanmar"].

48 Gambia v. Myanmar, supra note 47, at para. 112.

49 Application of the Convention on the Prevention and Punishment of the Crime of Genocide (Bosnia and Herzegovina v. Serbia and Montenegro), Overview of the Case, https://www.icj-cij.org/en/case/91.

50 Application of the Convention on the Prevention and Punishment of the Crime of Genocide (Bosnia and Herzegovina v. Serbia and Montenegro), Overview of the Case, https://www.icj-cij.org/en/case/91.

51 Asia Justice Coalition, Universal Criminal Jurisdiction Scoping Paper (March 2021), p. 3, https://www.asiajusticecoalition.org/_files/ugd/811bc6_4c6c67c3617145b1a98067342a29964b.pdf?index=true.

52 JusticeInfo.Net, Switzerland: Kosiah Convicted In First Universal Jurisdiction Trial (21 June 2021), https://www.justiceinfo.net/en/78920-switzerland-kosiah-convicted-first-universal-jurisdiction-trial.html.

53 Human Rights Watch, Q&A: Swiss Trial for Liberia Atrocities: Universal Jurisdiction Paves Path for Justice (12 February 2021), https://www.hrw.org/news/2021/02/12/qa-swiss-trial-liberia-atrocities-universal-jurisdiction-paves-path-justice.

54 ~~BROUK, Historic Decision by Argentinian Courts to Take Up Genocide Case Against Myanmar (28 November 2021), https://www.brouk.org.uk/historic-decision-by-argentinian-courts-to-take-up-genocide-case-against-myanmar/~~

55 Joint Press Release, Unprecedented Case Brought Against Myanmar Junta in Indonesia (6 September 2022), https://the-world-is-watching.org/wp-content/uploads/2022/09/Press-Release-CC-Petition-V2-Fin.pdf.

56 U.N. ICTR, Key Figures of Cases, https://unictr.irmct.org/en/cases/key-figures-cases.

57 Prosecutor v. Akayesu, Judgment, Case No. ICTR-96-4, 2 Sept. 1998, http://hrlibrary.umn.edu/instree/ICTR/AKAYESU_ICTR-96-4/Judgment_ICTR-96-4-T.html; The ICC is yet to hold any trial for the crime of genocide. The ICC has issued two arrest warrants against Omar al-Bashir, a Sudanese former military officer and president of Sudan, for his role in a campaign of mass killing, rape, and pillage against civilians in Darfur. He is the first person to be charged by the ICC for the crime of genocide; however, the warrant against him has not yet been enforced and he still remains at-large.

58 Human Rights Watch, Justice Compromised: The Legacy of Rwanda's Community-Based Gacaca Courts (31 May 2011), https://www.hrw.org/report/2011/05/31/justice-compromised/legacy-rwandas-community-based-gacaca-courts.

59 U.N. ICTY, Key Figures of the Cases, https://www.icty.org/sid/24; Balkan Transitional Justice, Srebrenica Convictions: 700 Years of Jail Time, Five Life Sentences (8 July 2021), https://balkaninsight.com/2021/07/08/srebrenica-convictions-700-years-of-jail-time-five-life-sentences/.

60 Case Concerning Application of the Convention on the Prevention and Punishment of the Crime of Genocide (Bosnia and Herzegovina v. Serbia and Montenegro), Judgment of 26 February 2007, https://www.icj-cij.org/public/files/case-related/91/091-20070226-JUD-01-00-EN.pdf.

61 Press Release (Translated), Federal High Court of Germany makes basic ruling on genocide (30 April 1999), http://www.preventgenocide.org/punish/GermanFederalCourt.htm.

62 See e.g. U.N. ICTY Press Release, Court of Bosnia and Herzegovina renders first judgement in a case transferred by the Tribunal (14 November 2006), https://www.icty.org/en/press/court-bosnia-and-herzegovina-renders-first-judgement-case-transferred-tribunal.

63 ICC Situation in Darfur, Sudan, Background Information, https://www.icc-cpi.int/darfur.

64 Sudan Tribune, Sudan, armed groups agree to establish special court for Darfur Crimes (20 January 2020), https://archive.ph/20200124212103/https:/sudantribune.com/spip.php?article68873; Dabanga, Breakthrough on Darfur in Sudan peace negotiations (21 January 2020), https://web.archive.org/web/20200121185015/https:/www.dabangasudan.org/en/all-news/article/breakthrough-on-darfur-in-sudan-peace-negotiations.

65 U.N. News, Cambodia: UN-backed tribunal ends with conviction upheld for last living Khmer Rouge leader (22 September 2022), https://news.un.org/en/story/2022/09/1127521.

66 IIMM, Mandate and establishment, https://iimm.un.org/mandate-and-establishment/.

67 IIMM, Mandate and establishment, https://iimm.un.org/mandate-and-establishment/.

68 IIMM, Mandate and establishment, https://iimm.un.org/mandate-and-establishment/.

69 IIMM Bulletin, Message from the Head of the Mechanism (7 October 2022), https://reliefweb.int/report/myanmar/independent-investigative-mechanism-myanmar-bulletin-issue-7-october-2022-enmy.

70 IIMM Press Release, Evidence of crimes against humanity in Myanmar escalate, with women and children severely impacted, according to Myanmar Mechanism Annual Report (9 August 2022), https://iimm.un.org/press-release-evidence-of-crimes-against-humanity-in-myanmar-escalate-with-women-and-children-severely-impacted-according-to-myanmar-mechanism-annual-report/.

*အသက်ရှင်လွတ်မြောက်သူ ရိုဟင်ဂျာတစ်ဦးထံမှ မျှော်လင့်ချက် အမှာစကားတစ်ခု*




Legal
Action
Worldwide

Copyright © Legal Action Worldwide. အခွင့်အရေးအားလုံး ကိုင်ဆောင်ထားသည်။ ဤလမ်းညွှန်ချက် သို့မဟုတ် ၎င်းနှင့် စပ်လျဉ်းသည့် မည်သည့်အပိုင်းမဆိုကို Legal Action Worldwide အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်နည်းဟန်ဖြင့်မဆို ကူးယူခြင်း သို့မဟုတ် အသုံးပြုခြင်းမပြုရပါ။

www.legalactionworldwide.org

~~မသက်ဆိုင်ကြောင်း~~ ရှင်းလင်းချက် - ဤစာရွက်စာတမ်းကို ဥရောပသမဂ္ဂ၏ ငွေကြေးပိုင်းဆိုင်ရာ အကူအညီဖြင့် ထုတ်လုပ်ပါသည်။ ဤစာရွက်စာတမ်းပါ အကြောင်းအရာများသည် Legal Action Worldwide အဖွဲ့၏ တာဝန်လုံးလုံးလျားလျားဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရပ်တည်ချက်သဘောထားကို ထင်ဟပ်သည်ဟု မည်သည့်အခြေအနေမျိုးမဆို၌ မသတ်မှတ်နိုင်ပါ။

Funded by
the European Union

Design: co-x.co.uk